ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်၊ ကြာသပတေးနေ့၊ (19-8-2004)(၄၃၃၀)

ကာလေန ဓမ္မဿဝနံ
တေံ မင်္ဂလ မုတ္တမံ။

သင့်လျော်သောအခါ၌ တရားနာခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

**မိုးအသင့်အတင့်**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

# ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း အိန္ဒိယနိုင်ငံမှရောက်ရှိလာသော ပုံနှိပ်စက်သစ်ကြီးနှစ်လုံး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့်အတူ ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်အောင်ကျော်ကုန်သေတ္တာဆိပ်ကမ်းသို့ သွားရောက်၍ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ(မန္တလေးမြို့)၌ တပ်ဆင်ရန်အတွက် အိန္ဒိယနိုင်ငံမှ ဝယ်ယူရောက်ရှိလာသည့် လေးယူနစ်ပတ်လည် ပုံနှိပ်စက်သစ်ကြီးနှစ်လုံးကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၈ ကော်လံ ၄ သို့ ✧

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်အောင်ကျော် ကုန်သေတ္တာဆိပ်ကမ်းတွင် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ(မန္တလေးမြို့)၌ တပ်ဆင်ရန်အတွက် အိန္ဒိယနိုင်ငံမှ ဝယ်ယူရောက်ရှိလာသည့် လေးယူနစ်ပတ်လည် ပုံနှိပ်စက်သစ်ကြီး နှစ်လုံး ကုန်သေတ္တာများအတွင်း ထည့်သွင်းထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။(သတင်းစဉ်)

# တကောင်းကို ရှေးဦးပျူတို့ နေထိုင်ရာဒေသကြီးအဖြစ် အခိုင်အမာ သက်သေပြနိုင် ပျူအရိုးအိုးနှင့် ရေတကောင်းများ အစုလိုက်အပြုံလိုက် ထပ်မံတူးဖော်တွေ့ရှိ

ရန်ကုန် ဩဂုတ် ၁၈

**မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ် တကောင်းဒေသ ဆင်ညှပ်ကုန်းရွာ ဦးတင်ဝင်းယာကုန်းမှ ပျူအထောက်အထား မြေမီးဖုတ်ပစ္စည်းများနှင့် အဆောက်အအုံပန္နက်ပုံစံတို့ကို ၁၉၉၇ခုနှစ်တွင် စတင်တွေ့ရှိသည်မှ အစပြု၍ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)သည် တကောင်းဒေသကို ဂရုတစိုက်ရှာဖွေလေ့လာခဲ့ရာ ၂၀၀၃ခုနှစ်တွင် တကောင်းမှ ပျူအထောက်အထားပစ္စည်းများဖြစ်သော ပျူအရိုးအိုးများ၊ ပျူပုတီးစေ့များ၊ လက်စင်ရာပါ အုတ်များ၊ ကြေးပစ္စည်း၊ မိုးကြိုးသွား၊ သံထည်ပစ္စည်းနှင့် ပျူဒင်္ဂါးများ အဆက်မပြတ် တူးဖော်ရရှိခဲ့သည်။**

ယခုအခါ အခြားပျူဒေသများဖြစ်သော ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ မြို့ဟောင်းများ၌ပင် တွေ့ရခဲသော ပျူအရိုးအိုးနှင့် ရေတကောင်းများ အစုလိုက်အပြုံလိုက် ထပ်မံတူးဖော်တွေ့ရှိပြန်သည်။ နေရာ အမှတ်(၁)နှင့် အမှတ်(၂)တို့ကို တကောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းဝင်း အရှေ့တောင်ထောင့်မှ တွေ့ရှိခဲ့ရာ တကောင်းဒေသကို ရှေးဦးပျူတို့နေထိုင်ရာ ဒေသကြီးအဖြစ် အခိုင်အမာသက်သေပြနိုင်ခဲ့ပြီး ဖြစ်သည်။

အမှတ်(၁)နှင့် အမှတ်(၂)နေရာတို့ကို တွေ့ရှိပုံမှာ တကောင်း အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်သည် ၂၀၀၄ခုနှစ် ဇူလိုင် ၃ရက်တွင် ကျောင်းဝင်းအတွင်း အရှေ့တောင်ထောင့်၌ အိမ်သာကျင်းတူးရာ အနက်လေးပေအရောက်တွင် ညောင်ရေအိုးသဏ္ဍာန်အဖုံးပါရှိသည့် အိုးတစ်လုံးကိုတွေ့ရှိသည်။ အဆိုပါအိုးကို ယခင်တွေ့ရှိပြီးအရိုးအိုးများနှင့် တစ်ဆက်တည်း နံပါတ်စဉ်ပေးသတ်မှတ်ရာ ယင်းအိုးကို တကောင်းအရိုးအိုး အမှတ်(၁၁)အဖြစ် သတ်မှတ်ခဲ့သည်။ တွေ့ရှိသောနေရာအတိအကျမှာ မြောက်လတ္တီတွဒ် ၂၃ ဒီဂရီ ၂၉ မိနစ်၊ ၅၅ ဒသမ ၈ စက္ကန့်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၀ မိနစ်၊ ၄၂ ဒသမ ၇ စက္ကန့်၊ ပင်လယ်ရေမျက်နှာပြင်အထက် ၆၀၃ပေ၌ တွေ့ရှိခြင်းဖြစ်သည်။တကောင်းမြို့ရိုးသုံးထပ်ရှိသည့် အနက် ယခုပစ္စည်းများကို ဒုတိယမြို့ရိုး (အညာပုဂံမြို့ရိုး)အတွင်းမှ တွေ့ရှိရခြင်းဖြစ်သည်။ တကောင်းအမှတ်(၁၁) ပျူအရိုးအိုးအတွင်းမှ ကြေးခြူ ၁၅လုံး၊

စာမျက်နှာ ၈ ကော်လံ ၃ သို့ ❍

**မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ် တကောင်းဒေသမှ တူးဖော်ရရှိသော ပျူအရိုးအိုးများကို အစုလိုက် အပြုံလိုက် တွေ့ရစဉ်။** (ယဉ်ကျေးမှု)

**ဆောင်းပါးအညွှန်း**

***မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေရဲ့ တည်ငြိမ် အေးချမ်းစွာနဲ့ ဖြစ်ထွန်းလာတဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားမှုတွေ၊ သာယာဝပြော စည်ပင်မှုတွေကို နိုင်ငံတကာ ပြည်သူတွေရဲ့ နားထဲရောက်မှာ သေမလောက် ကြောက်နေတဲ့ ပြည်တွင်း၊ ပြည်ပ အဖျက်သမားတွေရဲ့ ဘဝင့်ကြွေးကလည်း မသေးလှပါကလား။***

ပေါက်စ၏ "လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ(၅၈)" ဆောင်းပါး

(စာမျက်နှာ-၃)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၁၉–၈–၂၀၀၄
(ကြာသပတေးနေ့)

# ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးရေး စီမံကိန်းကြီးများဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ အထူးသဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီးများ စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်စီမံကိန်း တို့ကိုတစ်နိုင်ငံလုံး၌ဖြန့်ကြက်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ကျေးလက်ဒေသများသည် နိုင်ငံ၏လူဦးရေအများစုနေထိုင်ရာဒေသဖြစ်သည့်အပြင် ကျေးလက်ဒေသနေ ပြည်သူများ၏ အဓိကစီးပွားရေးမှာလည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းပြီး **ကျေးလက်တွေရဲ့ လိုအပ်ချက်တွေထဲမှာ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ကျေးရွာရေရရှိရေးနဲ့ စိုက်ပျိုးရေးကဏ္ဍတွေ ပါဝင်မှာဖြစ်ပါတယ်။ ကျေးလက်ရဲ့အဓိက စီးပွားရေးဖြစ်တဲ့ စိုက်ပျိုးရေးလုပ်ငန်းအပြင် မွေးမြူရေးလုပ်ငန်းကိုလည်း မြှင့်တင်ပေးရမှာဖြစ်တယ်** ဟူ၍ လမ်းညွှန်မိန့်ကြားထားသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးအတွက် ကျေးရွာချင်းဆက်လမ်းများ၊ တံတားများ၊ ကျေးလက်နှင့်မြို့ပြဆက်သွယ်သည့်လမ်း၊ တံတားများကိုအလေးထားတည်ဆောက်ပေးလျက်ရှိသည်။ ဒေသအလိုက် ကျေးလက်လမ်းဖွင့်ပွဲသတင်းများ၊ ကတ္တရာလမ်းအဆင့်တိုးမြှင့်ဖွင့်လှစ်သည့်သတင်းများနှင့် ကျေးလက်စက်ရေတွင်း ဖွင့်ပွဲသတင်းများကို တွေ့မြင်ကြားသိနေရသည်။

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးသာမက စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိရေး၊ ကျေးလက်နေပြည်သူများ ပညာရေးအဆင့်အတန်း တိုးတက်မြင့်မားရေး၊ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရေးနှင့် ကျေးလက်ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို အလေးထားစီမံဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ စေတနာရှင်များ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များကလည်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကိုယ့်အားကိုယ်ကိုး ပါဝင်ကြိုးပမ်းလျက်ရှိကြသည်။

ပဲခူးတိုင်း ၂၀၀၄–၂၀၀၅ ခုနှစ် မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် မျိုးစေ့ချ ကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲကို ဩဂုတ်လ ၉ ရက်နေ့က ပဲခူးမြို့နယ် မယင်းကျေးရွာအုပ်စု၌ ကျင်းပခဲ့ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ တက်ရောက်အားပေးချီးမြှင့်ခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဆက်လက်၍ ညောင်လေးပင်မြို့နယ် ဘိုင်းဒါးကျေးရွာသို့ သွားရောက် ပြီး ကျေးရွာစွန့်ပစ်ပစ္စည်းသုံး သဘာဝဓာတ်ငွေ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနားတွင် စက်ရုံ၏ ဓာတ်အားပေးခလုတ်ကိုနှိပ်၍ဘိုင်းဒါးကျေးရွာသို့ လျှပ်စစ်မီး စတင်ဖြန့်ဖြူးပေးခဲ့သည်။

ဘိုင်းဒါးကျေးရွာ ဓာတ်အားပေးစက်ရုံသည် စွန့်ပစ် စပါးခွံလောင်စာသုံးစွဲပြီး မြင်းကောင်ရေ ၁၀၀ အင်ဂျင်ဖြင့် တစ်နေ့ကီလိုဝပ် ၅၀လျှပ်စစ်ဓာတ်အား ထွက်ရှိမည်ဖြစ်သည်။ အဆိုပါ ဓာတ်အားပေးစက်ရုံငယ်ကိုတည်ဆောက်ဖွင့်လှစ်နိုင်သည့်အတွက် ဘိုင်းဒါးကျေးရွာမှ အိမ်ထောင်စု သုံးရာကျော်အတွက် လေးပေမီးချောင်း တစ်ထောင့်နှစ်ရာကျော်ဖြင့် ကျေးလက်မီးလင်းရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ဘိုင်းဒါးကျေးရွာစွန့်ပစ်ပစ္စည်းသုံး သဘာဝဇီဝဓာတ်ငွေ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံငယ်ဖြစ်ထွန်းလာရေးအတွက်ဒေသခံပြည်သူများနှင့် ညောင်လေးပင်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်းကြိုးပမ်းခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အလေးထားဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိချိန်တွင် စေတနာရှင်များ၊ ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များကလည်း နိုင်ငံတော်နှင့်အတူ တက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆောင်ရွက်မှု အရှိန်အဟုန်ကို ဆက်လက်မြှင့်တင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

## ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ရန်ကုန်မြို့တော်လမ်းများပြုပြင်မှု မြို့တော်ဝန်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၈

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်တို့ လိုက်ပါလျက် ဩဂုတ် ၁၇ရက်က ရန်ကုန်မြို့တော် မြို့နယ်အချို့တွင် မိုးတွင်းကာလ မိုးရေတိုက်စားမှုကြောင့် ပျက်စီးသွားသော လမ်းများပြန်လည် ပြုပြင်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။** (အောက်ပုံ)

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ဒေါပုံမြို့နယ်ရှိ ကတ္တရာဖျော်စက်နှင့် ကျောက်ခွဲစက်ဝင်းအတွင်းသို့ ရောက်ရှိလာရာ ဌာနမှူး ဦးဗိုလ်ဌေးက လူသွားစင်္ကြံခင်း ကျောက်ပြားများ၊ ကတ်တုံးများ၊ အလှဆင်ရောင်စုံကျောက်ပြားများ ပြုလုပ်နေမှုနှင့် ကတ္တရာဖျော်စက် လည်ပတ်ထုတ်လုပ်နေမှုကို လိုက်လံပြသသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်းနှင့် ပါရမီလမ်းဆုံအနီး ဝေဇယန္တာလမ်း အကြီးစားပြုပြင်နေမှု၊ မရမ်းကုန်းမြို့နယ် သံသုမာလမ်းနှင့် ဂန္ဓမာလမ်းဆုံအနီး ဂန္ဓမာလမ်း နိုင်လွန်ကတ္တရာထပ်ပိုးနေမှု၊ ပြည်လမ်းနှင့် ပါရမီလမ်းဆုံအနီး ပါရမီလမ်း အကြီးစားပြုပြင်ဆောင်ရွက်နေမှုနှင့် ရွှေဂုံတိုင်လမ်း၊ ဗညားဒလလမ်း၊ သိမ်ဖြူလမ်းများတွင် မိုးရေတိုက်စားမှုကြောင့် ပျက်စီးသွားသောလမ်းနေရာများတွင် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က အကြီးစားပြုပြင်နေမှုများကိုပါ လိုက်လံကြည့်ရှုစစ်ဆေးသည်။ (၁၉)

## ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု ပြပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၈**

ပညာရေးဝန်ကြီးဌာန၏ "ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အခြေခံပညာကျောင်းများအားလုံး ပါဝင်ကြပါစို့"ဟူသော ဆောင်ပုဒ်နှင့်အညီ ကျင်းပသည့် တာမွေမြို့နယ် အမှတ်(၇) အခြေခံပညာ မူလတန်းကျောင်း၏ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုပြပွဲကို ဩဂုတ်၁၃ရက် မွန်းလွဲ ၁နာရီတွင် အဆိုပါကျောင်း၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်မျိုးစိုးနှင့် ဆရာမများက လိုက်လံရှင်းလင်းပြသကြသည်။ (သတင်းစဉ်)

**ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန(ရန်ကုန်မြို့တော်) ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့်အဖွဲ့ တာမွေမြို့နယ် အမှတ်(၇) အခြေခံပညာ မူလတန်းကျောင်း၏ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုပြပွဲကိုကြည့်ရှုအားပေးစဉ်။**
(ပညာရေး)

# နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒ မှန်မြတ်ပုံ ဗဟိုအလုပ်အမှုဆောင် ဦးသိန်းစိန်ဟောပြောပို့ချ

**ရန်ကုန် ဩဂုတ် ၁၈**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အမှုဆောင်များ စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁၅) သင်တန်းသား၁၀၀အား ယနေ့မွန်းလွဲ ၁နာရီမှ ညနေ ၅နာရီအထိ နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒ မှန်မြတ်မှန်ကန်ပုံ၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် မှန်ကန်၍ အောင်မြင်လျက်ရှိပုံများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ဟောပြောပို့ချသည်။

(သတင်းစဉ်)

# လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ (၅၈)

ပေါက်စ

မဟုတ်တမ်းစကားတွေနဲ့ ဖြုတ်အတန်းအစားတွေက ရမ်းကားကာ ပုတ်ခတ်ပြောပြန်ပြီပေါ့၊ လုပ်ဇာတ်နှော ပလီဉာဏ် တစ်ထွာတစ်မိုက်ဆိုတော့ ပြည်မြန်မာကို မထိခိုက်ပါဘူး၊ မသတီစရာ အသိစရိုက် ညဉ်ဆိုးအဖုံဖုံတွေနဲ့ အသွင်မျိုးစုံတွေက သခင်မျိုးဂုဏ်ဆိုတာ မြန်မာရယ်လို့ ကမ္ဘာ့အလယ်မှာ မမြင့်မားစေချင်ပါကလား၊ သခင့်အပါးနေကာ ကျွန်ခံသူတွေရဲ့ တွန်သံတွေကြား၊ (အိုကွယ်) ကျုပ်တို့ မြန်မာပြည်သူတွေကတော့ ရွံကြလေသဗျား။

အခုလို စာချိုးတစ်ပုဒ်နဲ့ ခြေဆင်းပဏာမလုပ်ပြီး အထုပ်ဖြေပြမှာကတော့ ၂၀၀၄ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့ ည ၆ နာရီမှာ VOA အသံလွှင့်ဌာနက ထုတ်လွှင့်သွားတဲ့ လန်ဒန်မြို့၌ မြန်မာအသင်း(UK)က ကြီးမှူးကျင်းပသည့် မြန်မာ့ယဉ်ကျေးမှုပြပွဲနှင့် ပတ်သက်၍ တင်ပြချက်ဆိုတဲ့ သတင်းကြေညာချက်နှင့်အတူ VOAနဲ့ ဗျူးခန်းမှာ အရူးချေးပန်း ပြောသွားဆိုသွားတဲ့ ပုဂ္ဂိုလ်အထီး အကောင်းစားကြီး ဝင်းနိုင်ရဲ့ လုပ်ကြံပလီတဲ့ မဟုတ်မမှန်ဒီပနီ အထုပ်အစုတ်ပဲ ဖြစ်ပါသဗျ။

အဲ…သတင်းလိုရင်းသဘောကတော့ လန်ဒန်မြို့က အိုရီယန်တယ်လ်စီတီမှာ မြန်မာအသင်း(ယူကေ)က ကြီးမှူးပြီး မြန်မာ့ယဉ်ကျေးမှုပြပွဲ ကျင်းပနေတာကို ဒီမိုကရေစီလိုလားသူများအဖြစ် ဆိုင်းဘုတ်တပ်၊ တံဆိပ်ကပ်ထားတဲ့ မြန်မာပြည်ပြေး နှစ်ယောက်တစ်ပိုင်းလောက်က ကန့်ကွက်ဆန္ဒပြကြတယ်ဗျာ။ အဲသဟာနဲ့ ပတ်သက်လို့ VOAက မြန်မာအသင်းဥက္ကဋ္ဌ ဦးနေဝင်းနဲ့ ဆန္ဒပြခေါင်းဆောင် ပြည်ပြေးဒေါက်တာဝင်းနိုင်ဆိုသူ ပုဂ္ဂိုလ်အထီး အကောင်းစားကြီး အပါအဝင် အိုရီယန်တယ်လ်စီတီက ပြောခွင့်ရပုဂ္ဂိုလ် မီးစ်မေလီယန်တို့ကို ဆက်သွယ်မေးမြန်းတယ်ဗျာ။

သို့ကလို မေးမြန်းတဲ့အခါမှာ မြန်မာအသင်း(ယူကေ)ဥက္ကဋ္ဌ ဦးနေဝင်းရဲ့ အဖြေစကားကတော့ မြန်မာအသင်းကြီး(ယူကေ)အနေနဲ့ သကြၤန်ပွဲလုပ်တဲ့ အခါမှာ အိုရီယန်တယ်လ်စီတီပိုင်ရှင် မစ္စတာရိုနယ်လင်းက သကြၤန်ပွဲကိုလာပြီး မြန်မာအစားအစာတွေ စားသောက်တဲ့အကြောင်း၊ မစ္စတာရိုနယ်လင်းက မြန်မာအစားအသောက်တွေနဲ့ မြန်မာ့ယဉ်ကျေးမှုကို စိတ်ဝင်စားပြီး အိုရီယန်တယ်လ်စီတီမှာ အခုလိုမျိုးလုပ်ရင် အခမဲ့ လုပ်ခွင့်ပေးမယ်လို့ ကတိပေးသွားတဲ့အတွက် မြန်မာအသင်း ရန်ပုံငွေရရှိဖို့ အခုလို မြန်မာအစားအသောက်နဲ့ မြန်မာ့အနုပညာယဉ်ကျေးမှုဆိုင်ရာ ပန်းချီပန်းပုပစ္စည်းတွေကို ဆိုင်ခန်းဖွင့်ပြီး ရောင်းချတဲ့အကြောင်း၊ ဇူလိုင်လ ၂၄ ရက်နေ့ကစပြီး ဆိုင်ခန်းဖွင့် ရောင်းချတဲ့ အခါမှာ မြန်မာ့ယဉ်ကျေးမှုအနုပညာကို နိုင်ငံခြားသားတွေ ပိုပြီးသိလာအောင် မြန်မာအက၊ မြန်မာသီချင်းတွေနဲ့ စောင်းပညာရှင် ကိုနေဝါရဲ့ လက်သံတွေနဲ့ ဖျော်ဖြေတဲ့အကြောင်း၊ နိုင်ငံခြားသားပရိသတ်များက တော်တော်နှစ်သက်တဲ့ အကြောင်း၊ အထူးသဖြင့် မြန်မာ့သိုင်းအဖွဲ့ရဲ့ သိုင်းပညာကလည်း နိုင်ငံခြားသားတွေ အံ့သြလောက်အောင် ပြသွားတာ၊ လက်ခုပ်သံ တဖြောင်းဖြောင်းနဲ့ အားပေးကြတဲ့အကြောင်း၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအနုပညာ မြှင့်တင်ဖို့ဖြစ်ကြောင်း ရှင်းလင်းတိကျတဲ့ အဖြေစကားပဲ ဖြစ်ပါတယ်ဗျာ။

သို့သော်လည်းတဲ့ ပုဂ္ဂိုလ်အထီးအကောင်းစားကြီး ဝင်းနိုင်ရဲ့အဖြေစကားကတော့ မှတ်သားလောက်အောင် အရူးချေးပန်းသလို ရမ်းရမ်းကားကား ပုတ်ခတ်တဲ့အပြင် အမျိုးဂုဏ်ကိုဖျက်တဲ့ အမျိုးပျက်တစ်ယောက်ရဲ့ ဖောက်ပြန်တဲ့ စရိုက်ကို အတိုင်းသား မြင်နေရသဗျ။

ဘာလို့လဲဆိုတော့ သူ့အဖြေစကားက ဒီလိုပါတဲ့ခင်ဗျာ။ မြန်မာအသင်းကြီး (ယူကေ)က အခုလုပ်တဲ့ပွဲဟာ အင်ထရိဂျူးဆင်း ဂိုးလ်ဒင်းမြန်မာလို့ဆိုတဲ့ ပွဲဖြစ်တော့ မြန်မာနိုင်ငံကြီးဟာ ဘယ်လောက် သာယာဝပြောစည်ပင်နေတယ် ဆိုတာ နိုင်ငံတကာကသိအောင် မိတ်ဆက်တဲ့ပွဲ ဖြစ်တဲ့အတွက် မြန်မာနိုင်ငံမှာ သန်း ၅၀ ရှိတဲ့ လူတွေဟာ နိစ္စဓူဝ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးဒုက္ခတွေ ခံစားနေရတာကို မျက်ကွယ်ပြုပြီး နိုင်ငံတကာနဲ့ ဆက်သွယ်ပေးတဲ့ပွဲ ဖြစ်သတဲ့ခင်ဗျာ။ အဲဒီလို ဆက်သွယ်ပေးရမယ့် အခြေအနေလည်း မဟုတ်ဘူးတဲ့ဗျာ။ နံပါတ်တစ်က အချိန်ကမှားပြီး နံပါတ်နှစ်က စစ်အာဏာရှင် သက်ဆိုးရှည်အောင် လုပ်တဲ့ပွဲဖြစ်သလို မြန်မာနိုင်ငံဟာ အကြီးအကျယ် ဆိုးနေတာကို အဖြစ်မှန်သိအောင် ဆန္ဒပြတဲ့ပွဲ ဖြစ်ပါသတဲ့ခင်ဗျာ။

မြန်မာပြည်သူ ခုနစ်ရက်သားသမီးအပေါင်း ကြားသိတော်မူတဲ့အတိုင်း ပါပဲ။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးရဲ့ အစားအသောက်ကအစ ယဉ်ကျေးမှုအနုပညာ ဂီတသုခုမနဲ့ ရိုးရာဓလေ့ထုံးတမ်းတွေ အပါအဝင် မြန်မာ့ရိုးရာ ကိုယ်ခံသိုင်းပညာတွေကို နိုင်ငံတကာ အလယ်မှာ ထည်ထည်ဝါဝါ ဖြစ်လာအောင် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားလာအောင် ကြိုးပမ်းမြှင့်တင်တဲ့ ပွဲမျိုးတောင် ကန့်ကွက်နှောင့်ယှက်တဲ့ အလုပ်မျိုးဟာ ဒီမိုကရေစီ ဖြစ်ထွန်းရေးအတွက် ဒီမိုကရေစီ လိုလားသူတွေရဲ့ ဒီမိုကရေစီရေး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်မှုကြီး လားလို့ ပေါက်စ နှာခေါင်းရှုံ့ပြီး မေးပါရစေခင်ဗျာ။

ဘယ့်နှယ်ဗျာ၊ ကိုယ့်မြန်မာနိုင်ငံကြီး သာယာဝပြောစည်ပင်နေတယ်ဆိုတဲ့ ဂုဏ်ယူရမယ့် မင်္ဂလာသတင်းစကားမျိုးကို နိုင်ငံတကာ ပြည်သူတွေနားထဲ ရောက်ပြီး ပေါက်ကြားမသွားရေးအတွက် ဝင်းနိုင်လို ပြည်ပြေးတွေ အပါအဝင် ပြည်တွင်း၊ ပြည်ပ ရှိရှိသမျှသော အဖျက်သမား ဂိုဏ်းပေါင်းစုံတွေက ကြိုးပမ်း ပိတ်ဆို့ တားဆီးကန့်ကွက် နှောင့်ယှက်ကြမှာ ဖြစ်တယ်ဗျာ။

ဘာလို့လဲဆိုတော့ ပြည်တွင်း၊ ပြည်ပ ရှိရှိသမျှသော အဖျက်သမားပေါင်းစုံတွေဟာ မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေရဲ့ လူမှုစီးပွားဘဝကို မလုံခြုံအောင်၊ မတည်ငြိမ်အောင်၊ ဖွတ်ကျောပြာစု၊ ခရုဆံကျွတ် ငတ်မွတ်ဆင်းရဲခြင်း ဘေးဒုက္ခဖြစ်အောင် အနောက်အုပ်စု နိုင်ငံကြီးတွေက နိုင်ငံရေးဖိအားပေးဖို့၊ စီးပွားရေးပိတ်ဆို့အရေးယူဖို့၊ အကူအညီ အထောက်အပံ့ အချေးအငှားတွေ အပေးအကမ်း မလုပ်ဖို့၊ နောက်ဆုံး နိုင်ငံတကာက ဝိုင်းပယ်ပြီး အထီးကျန်နိုင်ငံဖြစ်အောင်လုပ်ဖို့အထိ တိုက်တွန်းလှုံ့ဆော် နေကြသလို တစ်ဖက်ကလည်း မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေတွေ ကျဆင်းဆုတ်ယုတ် ပျက်စီးနေတယ်လို့ မြန်မာပြည်သူ သန်းငါးဆယ်ကျော်လုံး ထမင်းငတ်နေသလိုမျိုးတို့၊ အဲသလိုတွေ လုပ်ကြံ လိမ်လည် ဝါဒဖြန့်ထားတာတွေ ဘူးပေါ်သလို အလိမ်ပေါ်မှာ ဖြစ်တဲ့အတွက် **မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေရဲ့ တည်ငြိမ်အေးချမ်းစွာနဲ့ ဖြစ်ထွန်းလာတဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားမှုတွေ၊ သာယာဝပြောစည်ပင်မှုတွေကို နိုင်ငံတကာ ပြည်သူတွေရဲ့ နားထဲရောက်မှာ သေမလောက်ကြောက်နေတဲ့ ပြည်တွင်း၊ ပြည်ပ အဖျက်သမားတွေရဲ့ ဘဝဝင့်ကြွေးကလည်း မသေးလှပါကလား** လို့ ပေါက်စ စုတ်သပ်ရင်း သနားခြင်းကြီးစွာ ဖြစ်မိသဗျ။

ရှင်းရှင်းလေးပါခင်ဗျ။ ပေါက်စတို့ မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေရဲ့ လူမှုစီးပွားဘဝ စည်ပင်ဝပြောသာယာပြီး တည်ငြိမ်အေးချမ်း တိုးတက်လာတယ်ဆိုတာ လေနဲ့ပြောနေတာ မဟုတ်ပါဘူးခင်ဗျာ။ လက်ရှိ ပကတိအခြေအနေကို ပေါက်စ ကိန်းဂဏန်းနဲ့ ထောက်ပြရရင် ၁၉၈၈ ခုနှစ်နောက်ပိုင်း ဆည်မြောင်းတာတမံ ၁၆၂ ခုနဲ့ မြစ်ရေတင်စီမံကိန်း ၂၆၅ ခု တည်ဆောက်နိုင်ခဲ့ပြီး ၁၉၈၈ ခုနှစ်က လမ်းမိုင်ပေါင်း ၁၃၆၀၀ ရှိရာက ဒီနေ့ကာလမှာ လမ်းမိုင်ပေါင်း ၁၈၆၀၀ ရှိလာတယ်ဗျာ။ ၁၉၈၈ ခုနှစ် နောက်ပိုင်းကာလမှ မြစ်ကူးတံတားကြီးတွေ အပါအဝင် တံတား ၁၇၂ စင်း တိုးတက်တည်ဆောက်နိုင်ခဲ့သလို ၁၉၈၈ ခုနှစ်မှာ တစ်နိုင်ငံလုံး ရထားလမ်းမိုင်ပေါင်း ၂၀၀၀ နီးပါး ရှိခဲ့ရာက ဒီနေ့ကာလမှာ ၃၀၀၀ နီးပါးအထိ တိုးတက်လာသဗျ။ အဲသဟာအပြင် ၁၉၈၈ ခုနှစ်မှာ လေယာဉ်ကွင်း ၂၁ ကွင်း ရှိခဲ့ရာက ဒီနေ့ကာလမှာ ဖော်ကာ-၂၈ နဲ့ ဘိုးရင်း-၇၃၇ ဆင်းနိုင်တဲ့ လေယာဉ်ကွင်း ၂၉ ကွင်း ရှိလာတယ်ဗျာ။

> **အဲ…ဝင်းနိုင်ဆိုသူ ဒီမိုကရေစီလိုလားသူ တံဆိပ်ကပ်ထားတဲ့ ပုဂ္ဂိုလ်အထီး အကောင်းစားကြီးက အခုလို မြန်မာလူမျိုးတွေရဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြင့်မားစေတဲ့ အမျိုးသားရေးဆိုင်ရာ ယဉ်ကျေးမှုပြပွဲ လုပ်တာကိုပဲ အချိန်လွဲသလေး၊ မှားသလေးနဲ့ ဩဝါဒပေး ပုတ်ခတ်နေတာကို ရတနာပုံခေတ် စာဆိုပညာရှိ အချုပ်တန်း ဆရာဖေရဲ့ တေးထပ်တစ်ပိုဒ်နဲ့ ပေါက်စ တင်စား ဂုဏ်ပြုချင်တာကတော့ ‘မိပစ်လို့ ဖရှောင်သွေတယ် ခွကောင်တွေ ခွေးဖြစ်ပေ့ါဗျိုး’ တဲ့ ခင်ဗျာ။**

အဲ… ရှိသေးသဗျ။ ၁၉၈၈ ခုနှစ်က ရေအားလျှပ်စစ်စီမံကိန်း ၁၄ ခုနဲ့ ၂၂၈ မဂ္ဂါဝပ်ပဲ ထုတ်လုပ်နိုင်ခဲ့ရာက ဒီနေ့ကာလ ရေအားလျှပ်စစ်စီမံကိန်း ၂၈ ခု တိုးတက်တည်ဆောက်နိုင်ခဲ့လို့ ၁၆၂ မဂ္ဂါဝပ်ကျော် တိုးမြှင့်နိုင်ခဲ့သလို မဂ္ဂါဝပ် ၄၀၀ လောက် ထုတ်ပေးနိုင်တဲ့အပြင် ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ခြောက်ခု တည်ဆောက်နိုင်တဲ့အတွက် ဓာတ်ငွေ့သုံးစက်ရုံ ၁၄ ခုက မဂ္ဂါဝပ် ၇၀၀ နီးပါး ထုတ်လုပ်နိုင်ခဲ့ပြီး စုစုပေါင်း ရေအားလျှပ်စစ်နဲ့ ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများက လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁၁၀၀ လောက် ထုတ်လုပ်ဖြန့်ဖြူးပေးနေတယ်ဗျာ။ အဲသဟာအပြင် တည်ဆောက်နေဆဲဖြစ်တဲ့ ရေအားလျှပ်စစ်စီမံကိန်း ၁၂ ခု ပြီးစီးတဲ့အခါမှာ မဂ္ဂါဝပ် ၂၆၀၀ ထပ်တိုးပေးနိုင်ပြီး စုစုပေါင်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀၀၀ ကျော် ပေးနိုင်မယ်ဗျာ။

အလားတူပဲဗျာ၊ ကျန်းမာရေးကဏ္ဍမှာလည်း ၁၉၈၈ ခုနှစ်က ဆေးရုံအကြီး၊ အလတ်၊ အသေး စုစုပေါင်း ၆၁၇ ရုံရှိခဲ့ပြီး ဒီနေ့ကာလမှာ စုစုပေါင်း ၇၇၆ ရုံအထိ တိုးတက်ဖြစ်ထွန်းလာသလို ပညာရေးကဏ္ဍအနေနဲ့ ၁၉၈၈ ခုနှစ်မှာ တက္ကသိုလ်၊ ကောလိပ် ၃၂ ခု ရှိရာက ဒီနေ့ကာလမှာ ၁၅၆ ခု ရှိလာတဲ့အပြင် ၁၉၈၈ ခုနှစ်မှာ အထက်တန်းကျောင်း ၇၂၂ ကျောင်း၊ အလယ်တန်းကျောင်း ၁၆၉၆ ကျောင်း၊ မူလတန်းကျောင်း ၃၁၃၂၉ ကျောင်း ရှိခဲ့ရာက ဒီနေ့ကာလမှာ အထက်တန်းကျောင်း ၁၈၉၄ ကျောင်း၊ အလယ်တန်းကျောင်း ၂၆၁၂ ကျောင်း၊ မူလတန်းလွန်ကျောင်း ၄၇၇၄ ကျောင်း၊ မူလတန်းကျောင်း ၃၁၂၂၅ ကျောင်းအထိ တိုးချဲ့ဖွင့်လှစ် သင်ကြားပေးနေတယ်ဗျာ။

ပြောကြစတမ်းဆိုရင် ပေါက်စ အခုပြောတဲ့အထဲမှာ စက်မှုစီးပွားရေးတို့၊ လယ်ယာစီးပွားရေးတို့၊ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများရဲ့ ဖွံ့ဖြိုးတိုးတက်လာတဲ့ လူမှုစီးပွားရေးတို့၊ အဲသဟာတွေက ဘယ်လောက်အထိ တိုးတက်မြင့်မားလာခဲ့တယ်ဆိုတာ မပါသေးဘူးခင်ဗျ။ လက်တွေ့အရှိတရားနဲ့ အကောင်အထည်လိုက်ကြီး တွေ့နေ၊ မြင်နေ၊ သိနေတာကိုပဲ ပေါက်စ သက်သေထားပြီး ပြောတာဖြစ်သဗျ။

ဘယ့်နှယ်ဗျာ၊ ဘာအထောက်အထား အခြေအမြစ်မျှ မရှိဘဲ ပါးစပ်ထဲရှိသမျှ မုသာဝါဒ စကားလုံးတွေနဲ့ မြန်မာနိုင်ငံမှာ ဘာတစ်ခုမျှ မတိုးတက်ဘူးတို့၊ အခြေအနေ ဆိုးနေတယ်တို့ အဲသလိုမျိုး ခေါက်ရိုးကျိုးနေတဲ့ လုပ်ကြံလီဆယ် မဖွယ်မရာ ပုတ်ခတ်သိက္ခာချတဲ့ အလုပ်တွေကို ပေါက်စတို့ မြန်မာပြည်သူ ခုနစ်ရက်သားသမီးများက ဟားတိုက်ရယ်ရင်းနဲ့ ပျင်းတောင်ပျင်းသေးရဲ့ခင်ဗျာ။

အဲ…ဝင်းနိုင်ဆိုသူ ဒီမိုကရေစီလိုလားသူ တံဆိပ်ကပ်ထားတဲ့ ပုဂ္ဂိုလ်အထီး အကောင်းစားကြီးက အခုလို မြန်မာလူမျိုးတွေရဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြင့်မားစေတဲ့ အမျိုးသားရေးဆိုင်ရာ ယဉ်ကျေးမှုပြပွဲ လုပ်တာကိုပဲ အချိန်လွဲသလေး၊ မှားသလေးနဲ့ ဩဝါဒပေး ပုတ်ခတ်နေတာကို ရတနာပုံခေတ် စာဆိုပညာရှိ အချုပ်တန်း ဆရာဖေရဲ့ တေးထပ်တစ်ပိုဒ်နဲ့ ပေါက်စ တင်စား ဂုဏ်ပြုချင်တာကတော့ **မိပစ်လို့ ဖရှောင်သွေတယ် ခွကောင်တွေ ခွေးဖြစ်ပေ့ါဗျိုး** တဲ့ ခင်ဗျာ။

ရှင်းရှင်းလေးခင်ဗျ၊ နိုင်ငံတကာ နယ်ပယ်နဲ့ ဆက်သွယ်ထိတွေ့ပြီး ကိုယ့်လူမျိုးရဲ့ နေထိုင်စားသောက်မှု ဓလေ့တွေ၊ စာပေယဉ်ကျေးမှု အနုသုခုမ ဂီတသဘင် အစဉ်အလာတွေ၊ ရိုးရာအတတ်ပညာတွေကို မြှင့်တင်ဖော်ထုတ်တဲ့ အမျိုးသားရေးဆိုင်ရာ ယဉ်ကျေးမှုပြပွဲမျိုးကို ဘယ်သူတွေက ဘယ်အချိန်မှာပဲ လုပ်လုပ် မြန်မာလူမျိုးမှန်သမျှ ဂုဏ်ယူဝမ်းမြောက်စွာနဲ့ မုဒိတာပွားကြမှာပဲ ဖြစ်သဗျ။

အခုတော့ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်တဲ့ အမျိုးသားရေးဆိုင်ရာ ယဉ်ကျေးမှုပြပွဲလုပ်တာကို စစ်အစိုးရ သက်တမ်းရှည်အောင် ဝါဒဖြန့်တာလို့ ပြောလိုပြော၊ မြန်မာပြည်သူတွေ နိစ္စဓူဝ ဒုက္ခရောက်နေတာကို ဖုံးကွယ်တာ၊ မျက်ကွယ်ပြုတာလို့ လုပ်ကြံလီဆယ်ပြီး မဖွယ်မရာကန့်ကွက်တာတွေ လုပ်လိုလုပ်နဲ့ သဘောယုတ် မနောပုပ်ကြတဲ့ ဒီမိုကရေစီလိုလားသူများ ဟူသော ဝင်းနိုင်လို ပြည်ပြေးများ အပါအဝင် မြန်မာနိုင်ငံကို နိုင်ငံတကာနဲ့ အဆက်အသွယ်မရအောင် ပိတ်ဆို့တားဆီးနှောင့်ယှက် ကန့်ကွက်နေကြတဲ့ ပြည်တွင်း၊ ပြည်ပ အဖျက်သမားတွေဟာ မြန်မာ့နိုင်ငံရေးနယ်ပယ်မှာ ဘယ်လိုမှ သုံးစားမရနိုင်ပါဘူးဆိုတာ မလွဲဧကန် အမှန်တရားပါပဲခင်ဗျာ။

အဲ…ဝင်းနိုင်တို့ရဲ့ နှစ်ယောက်နဲ့တစ်ပိုင်း ဆန္ဒပြကန့်ကွက်သူတွေက ဘယ်လိုပဲ လုပ်ကြံစွပ်စွဲ ပုတ်ခတ်ကြပေမယ့် နောက်ဆုံးဗျူးသွားတဲ့ အိုရီယန်တယ်လ်စီတီက ပြောခွင့်ရပုဂ္ဂိုလ် မီးစ်မေလီယန်ရဲ့ ဖြေကြားတဲ့ စကားကတော့ **ဈေးဝယ်သူတွေက မြန်မာအစားအစာတွေ၊ မြန်မာ့ယဉ်ကျေးမှုလက်ရာတွေကို အင်မတန် စိတ်ဝင်စားကြပါတယ်၊ ပြပွဲအနေနဲ့ သိပ်ပြီးအောင်မြင်တယ်လို့ ကျွန်မ ယူဆပါတယ်** တဲ့ ခင်ဗျား။

ကဲ…ပေါက်စ လိုရင်းသဘောနဲ့ အတိုကျဉ်းပြီး နိဂုံးကမ္ပတ် အဆုံးသတ်ရရင် ဝင်းနိုင်အပါအဝင် ပြည်ပြေးနှစ်ယောက်တစ်ပိုင်းလောက်က လန်ဒန်မြို့ အိုရီယန်တယ်လ်စီတီမှာ ကျင်းပခဲ့တဲ့ မြန်မာအသင်းကြီး (ယူကေ)ရဲ့ အမျိုးသားရေးဆိုင်ရာ ယဉ်ကျေးမှုပြပွဲကို ကန့်ကွက်နှောင့်ယှက်တဲ့ ဆန္ဒပြပွဲဟာ မြန်မာတစ်မျိုးသားလုံးရဲ့ ဇာတိဂုဏ်၊ အမျိုးဂုဏ်ကို ပျက်စီးအောင် ဖျက်ဆီးတဲ့ မျိုးဖျက်တွေရဲ့ အရှက်မဲ့၊ သိက္ခာမဲ့၊ သစ္စာမဲ့ အလုပ်မျိုးပဲဆိုတာ မြန်မာတစ်မျိုးသားလုံးက သိရှိသဘောပေါက်ပြီး ပြောကြားနေကြတာကတော့ ဝင်းနိုင်အပါအဝင် ပြည်တွင်း၊ ပြည်ပ အဖျက်သမားတွေရဲ့ ပိတ်ဆို့ဟန့်တား ကန့်ကွက် နှောင့်ယှက်မှုမှန်သမျှဟာ **လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ** အလုပ်ကြီး အကိုင်ကြီးမျိုး ဖြစ်ပါတယ်တဲ့ခင်ဗျား။ ॥

## ဓမ္မဒါနပို့ချမည်

**ရန်ကုန် ဩဂုတ် ၁၈**

ဗဟန်းမြို့နယ် မြို့မရပ်ကွက် (၃)လမ်းရှိ တန့်ဆည်မြို့နယ်အသင်း တိုက် ဓမ္မာရုံတွင် ဩဂုတ် ၂၈ ရက်နေ့မှစ၍ စနေ၊ တနင်္ဂနွေ နေ့တိုင်း မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီ အထိ ဆရာဦးကံညွန့် (ဘီအေ၊ ဘီအိုးဒီ သကျသီဟ ဓမ္မာစရိယ အစိုးရဓမ္မာစရိယ စာပေပညာရှင်)က အဘိဓမ္မာ၊ ပဋ္ဌာန်း၊ ဓမ္မစကြာ၊ အနတ္တလက္ခဏာသုတ်များကို ဓမ္မာဒါနပို့ချပေးပါမည်။ စိတ်ပါဝင်စားသူ၊ သင်တန်းတက်ရောက်လိုသူများ အထက်ပါအသင်း တိုက်သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၁၉-၈-၂၀၀၄ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနှာဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

**ညပိုင်း**

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၂၀** ၄။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၄:၂၅** ၅။ မြန်မာသံစဉ်ချိုနှာဝင်
- **၄:၃၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၄၅** ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- **၄:၅၅** ၈။ မျိုးချစ်တပ်မတော်
- **၅:၀၅** ၉။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်** -Factir Market (-စီးပွားရေး )
- **၅:၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၅။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “မျက်ရည်မိုး” (အပိုင်း-၁၇)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “မိုးကြိုးကွန်ရက်နှင့် လျှပ်စီးဓား”(အပိုင်း-၇)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

# အီရတ် အမျိုးသား ကွန်ဖရင့်အစည်းအဝေးတွင် နာဂျက်ဖ် တိုက်ခိုက်မှုဖြစ်ရပ်များ လွှမ်းမိုးနေ

ဘဂ္ဂဒက် ဩဂုတ် ၁၇

**အီရတ်ခေါင်းဆောင်များသည် ကြားဖြတ်လွှတ်တော်ကိုယ်စားလှယ်များရွေးချယ်ရန်အတွက် ဒုတိယမြောက်နေ့အဖြစ် အမျိုးသားကွန်ဖရင့်အစည်းအဝေး တနင်္လာနေ့ကကျင်းပကြသည်။ သို့ရာတွင် နာဂျက်ဖ်မြို့မှ တိုက်ခိုက်မှုများသတင်းက ယင်းအစည်းအဝေးကို လွှမ်းမိုးသွားခဲ့ရာ ဝန်ကြီးချုပ်အာလာဝီအနေဖြင့် ရှီးယိုက်တွန်းလှန်တိုက်ခိုက်သူများနှင့် ဆွေးနွေးပွဲနောက်ထပ်ကျင်းပရန် ဖိအားပေးမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။**

### တင်းမာ

ရှီးယိုက်ခေါင်းဆောင် အယ်ဆာဒါ၏သစ္စာခံ မီဒီလက်နက်ကိုင်များသည်အီမန်အလီဘာသာရေးအဆောက်အအုံအနီးရှိ လမ်းများနှင့် သင်္ချိုင်းအနီးလမ်းများပေါ်တွင် ပျားပန်းခပ်မျှ သွားလာနေကြရာ နာဂျက်ဖ်မြို့၏ အခြေအနေမှာ တင်းမာလျက် ရှိနေကြောင်း ဒေသခံများက ပြောကြားကြသည်။ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ယင်းသင်္ချိုင်းနေရာမှ တိုက်ခိုက်နေကြခြင်းဖြစ်သည်။

### မျှော်လင့်ထား

ကွန်ဖရင့်တစ်ခုလုံးအား နာဂျက်ဖ်တိုက်ခိုက်မှုသတင်းက လွှမ်းမိုးနေပါသလောဟု ကိုယ်စားလှယ်တစ်ဦးက မေးမြန်းရာ ယင်းပြဿနာကို မိမိတို့ဖြေရှင်းနိုင်ပြီး မိမိတို့ လုပ်ငန်းအရှိန်မပျက် ဆက်လက်လုပ်ကိုင်နိုင်မည်ဟု မျှော်လင့်ထားကြောင်း အခြားကိုယ်စားလှယ်တစ်ဦး ဖြစ်သူ အယ်လ်ကိုင်ဖေးက ပြောကြားသည်။

အမျိုးသားကွန်ဖရင့်ကို တနင်္ဂနွေနေ့က စတင်ဖွင့်လှစ်ပြီးနောက် နာရီပိုင်းအတွင်းပြောက်ကျားများက စိန်ပြောင်းများဖြင့် ပစ်ခတ်ကြရာ လူနှစ်ဦးထက်မနည်းသေဆုံးခဲ့သည်။

### အခြေအနေဆိုးရွား

အီရတ် နိုင်ငံရေးသမားများနှင့် ဘာသာရေးခေါင်းဆောင်များက ဒီမိုကရေစီလုပ်ငန်းစဉ်ဖော်ဆောင်နိုင်ရေးလုပ်ဆောင်နေကြစဉ် အီရတ်နိုင်ငံ၏ လုံခြုံရေးမရေရာမသေချာသည့် အခြေအနေတွင်ရှိနေသေးကြောင်း၊ ယင်းသို့ ပြောက်ကျားများ၏ တိုက်ခိုက်မှုက လုံခြုံရေးအခြေအနေ ဆိုးရွားမှုကို ထင်ထင်ရှားရှား ထုတ်ဖော်ပြသနေခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါအစည်းအဝေးက ကြားဖြတ်လွှတ်တော်အတွက် ကိုယ်စားလှယ် ၁၀၀ ကို ရွေးချယ်ကြမည် ဖြစ်သည်။ ယင်းကိုယ်စားလှယ်များကရွေးကောက်ပွဲစတင်မကျင်းပမီ အီရတ် ကြားဖြတ်အစိုးရအဖွဲ့ကို ကြီးကြပ်သွားရမည် ဖြစ်သည်။

***အမ်အင်အေ၊ရိုက်တာ။***

**ဘဂ္ဂဒက်မြို့တော် ဆာဒါစီးတီးဒေသတွင် ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်များကို ဩဂုတ် ၁၆ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# အမေရိကန်တပ်ဖွဲ့ဝင်များအား အသက်စွန့် တိုက်ခိုက်ရန် အယ်လ်ဆာဒါတိုက်တွန်း

**နာဂျက်ဖ် ဩဂုတ် ၁၇**

မီဒီယာလက်နက်ကိုင်တပ်များက အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ရက်သတ္တတစ်ပတ်ကျော်ကြာ တိုက်ခိုက်ပြီးသည့်နောက် ယာယီအပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ပြုလုပ်ခဲ့သော်ငြားလည်း ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါက နာဂျက်ဖ်ရှိ ဘာသာရေးအဆောက်အအုံတစ်ခုတွင် စုရုံးရောက်ရှိနေသည့် ရာချီရှိသည့် တွန်းလှန်တိုက်ခိုက်ရေးသမားများ၏ရှေ့မှောက် ယမန်နေ့ကရောက်ရှိလာပြီး အမေရိကန်တပ်ဖွဲ့ဝင်များအား သေသည့်တိုင် ဆက်လက်တိုက်ခိုက်သွားရန် နှိုးဆော်လိုက်သည်။

### တိုက်တွန်း

အယ်လ်ဆာဒါက အမေရိကန်နှင့် အီရတ်ကြားဖြတ်အစိုးရတို့အား ရှုတ်ချပြောကြားလိုက်ပြီး ၎င်း၏နောက်လိုက် တိုက်ခိုက်ရေးသမားများအား ကြံ့ကြံ့ခံရပ်တည်ကြရန် တိုက်တွန်းပြောကြားသည်။ အီရတ်အစိုးရအား နုတ်ထွက်ပေးရန် မိမိအကြံပေးပြောကြားလိုကြောင်း၊ အီရတ် ပြည်သူလူထုတစ်ရပ်လုံးက အီရတ်အစိုးရ နုတ်ထွက်ပေးရန် တောင်းဆိုလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

### ဆက်လက်နေထိုင်

မိမိတို့အနေဖြင့် အောင်ပွဲရသည့်တိုင် မိမိတို့၏ ဘာသာရေးအဆောက်အအုံများအား ကာကွယ်စောင့်ရှောက်ရင်း နာဂျက်ဖ်တွင် ဆက်လက်နေထိုင်မည်ဖြစ်ကြောင်း ဆာဒါ၏လက်ထောက်တစ်ဦးကပြောကြားသည်။

နာဂျက်ဖ်မြို့အား အမေရိကန်တင့်ကားများနှင့် ဟမ်ဗီးကားများက ဝိုင်းဝန်းပိတ်ဆို့ထားရာမှ ယမန်နေ့ညက လူစုကွဲသွားခဲ့ဖွယ်ရှိသည်။ သို့ရာတွင် ဆာဒါ၏မီဒီလက်နက်ကိုင်တပ်ဖွဲ့များက လမ်းထောင့်များမှ နေရာယူထားကြသည်။

### ဖိအားပေး

အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ပြုလုပ်ထားကြောင်း၊ အမေရိကန်တို့က ယင်းသဘောတူညီချက်ကိုလက်ခံကြောင်း၊ အီရတ်ပြည်သူလူထုက အမေရိကန်တို့ ယင်းသဘောတူညီချက်လက်ခံစေရန် ဖိအားပေးခဲ့ခြင်းဖြစ်ကြောင်း အယ်လ်ဆာဒါ၏ ထိပ်တန်း လက်ထောက်တစ်ဦးဖြစ်သူ အယ်လ်ရှိုင်းဘာနီကပြောကြားသည်။

သို့ရာတွင် ယင်းယာယီအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် လှည့်ကွက်တစ်ခုဖြစ်နိုင်ဖွယ်ရှိ၍ သတိထားကြရန် ၎င်း၏နောက်လိုက်များအား သတိပေးပြောကြားထားသည်။ မီဒီလက်နက်ကိုင်တပ်ဖွဲ့များက အမေရိကန် ဦးဆောင်သည့်နိုင်ငံစုံတပ်ဖွဲ့များအား ဆက်လက်တိုက်ပွဲဝင်သွားမည်ဟု ဆာဒါက ပြောကြားသည်။

***အင်တာနက်။***

## အီရတ်သို့ တပ်ဖွဲ့စေလွှတ်သည့် ဥရောပနိုင်ငံများအား အယ်သော်ဟစ်အုပ်စု ခြိမ်းခြောက်

**ကိုင်ရို ဩဂုတ် ၁၇**

အီရတ်နိုင်ငံမှ ၎င်းတို့၏တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းခြင်းမပြုလျှင် သက်ဆိုင်ရာနိုင်ငံများတွင် သွေးထွက်သံယိုဖြစ်စေမည်ဖြစ်ကြောင်း အယ်သော်ဟစ်အစ္စလမ္မစ် ခုခံတိုက်ခိုက်ရေးအုပ်စုက နယ်သာလင်နှင့် အီတလီနိုင်ငံများအား ခြိမ်းခြောက် လိုက်သည်။

အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့သို့ တပ်ဖွဲ့ဝင်များ စေလွှတ်သည့် ဥရောပနိုင်ငံအားလုံးသို့ ကွန်ပျူတာအင်တာနက်တွင် ခြိမ်းခြောက်ခြင်းဖြစ်သော်လည်း အထူးသဖြင့် နယ်သာလင်နှင့် အီတလီနိုင်ငံတို့အား ရည်ညွှန်းဖော်ပြထားသည်။

***အင်တာနက်။***

**အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန် တပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရန် အင်အားပြနေသည့် ရှီးယိုက် တိုက်ခိုက်ရေးသမားများကို ဩဂုတ်၁၆ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ကိုလိုနီနယ်ချဲ့ဟောင်း အနောက်ဆရာကြီးများ၏ ဒီမိုကရေစီ သဘောတရား အာဖရိကခေါင်းဆောင်များ စိတ်ပျက်မိကြောင်း ဝေဖန်ပြောကြား

ဂရန်ဒီဘာ(မောရစ်သျှ) ဩဂုတ် ၁၇

**အာဖရိကနိုင်ငံများသည် ကိုလိုနီနယ်ချဲ့လက်အောက်ကျရောက်စဉ်က ဒီမိုကရေစီအခွင့်အရေးများ မခံစားရဘဲ ငြင်းပယ်ခံခဲ့ရသည်။ ယခုအခါ အာဖရိကနိုင်ငံများအပေါ် ဒီမိုကရေစီသဘောတရားများပြနေကြသည့် အနောက်နိုင်ငံများကို အာဖရိကနိုင်ငံများက နားကလောစိတ်ပျက်နေကြပြီဖြစ်ကြောင်း အာဖရိကခေါင်းဆောင်များက ပြောကြားခဲ့ကြသည်။ အထက်ပါစကားများကို ဇင်ဘာဘွေနိုင်ငံခေါင်းဆောင် ရောဘတ်မူဂါဘီကို ထောက်ခံအားပေးသောအားဖြင့် ပြောကြားခဲ့ကြခြင်းဖြစ်သည်။**

တောင်အာဖရိကဖွံ့ဖြိုးရေးအဖွဲ့အစည်း(အက်စ်အေဒီစီ) ထိပ်သီးအစည်းအဝေးကို မောရစ်သျှနိုင်ငံတွင် ဩဂုတ်လ ၁၆ရက်တွင် စတင်ကျင်းပသည်။ အက်စ်အေဒီစီအဖွဲ့ဝင်နိုင်ငံများအပေါ် ဒီမိုကရေစီစနစ် ကျင့်သုံးရေးအတွက် အနောက်နိုင်ငံများက ဖိအားပေးလျက်ရှိသည်။ ထိုသို့ဖိအားပေးနေသော အနောက်နိုင်ငံများကို တန်ဇန်း နီးယားသမ္မတဘင်ဂျမင်အမ်ကာပါးက အစည်းအဝေး၌ ပြင်းပြင်းထန်ထန် တိုက်ခိုက်ပြောကြားသွားကြောင်း သိရသည်။

### ငြင်းပယ်ခဲ့

ကျွန်ုပ်တို့နိုင်ငံများကို အနောက်နိုင်ငံများက ကိုလိုနီနိုင်ငံများအဖြစ် သိမ်းပိုက်ထားခဲ့ကြဖူးသည်။ ထိုစဉ်က ကျွန်ုပ်တို့နိုင်ငံသားများကို နိုင်ငံသားများ၏ ရပိုင်ခွင့်အခွင့်အရေးများမပေးခဲ့ကြဘဲ ငြင်းပယ်ခဲ့ကြသည်။

ထိုစဉ်က ကျွန်ုပ်တို့၏ လွတ်လပ်ရေးကြိုးပမ်းမှုများနှင့် နစ်နာရသည့် ခံစားရမှုများကို ဂရုမထားဘဲနေခဲ့ကြသည် သာမက ကျွန်ုပ်တို့အပေါ် ဒီမိုကရေစီနည်းကျစွာ ကျင့်သုံးခြင်းလည်းမရှိခဲ့ကြပေ။ ထိုအခွင့်အရေးများကိုလည်း မပေးဘဲ ငြင်းပယ် တားဆီးထားခဲ့ကြသည်။ ယင်းကဲ့သို့သောနိုင်ငံများက ယခုအခါ ကျွန်ုပ်တို့နိုင်ငံများအပေါ် ဒီမိုကရေစီကျကျကျင့်သုံးရန် ပြောကြားနေခြင်းအပေါ်စိတ်ကုန်မိကြောင်း အမ်ကာပါးက ထိပ်သီးအစည်းအဝေး အဖွင့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသွားသည်။ ဒေသတွင်းရှိနိုင်ငံများသည် မိမိတို့၏ နိုင်ငံရေးအခြေအနေ၊ လူမှုရေးအခြေအနေနှင့် ယဉ်ကျေးမှုအခြေအနေများနှင့် ကိုက်ညီမှုရှိသော ဥပဒေများကိုရေးဆွဲကျင့်သုံးကြကြောင်းကိုပါ အမ်ကာပါးက ဆက်လက်မိန့်ကြားသွားသည်။

***အမ်အင်အေ၊ရိုက်တာ။***

## ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

# ဘဂ္ဂဒက် ဆင်ခြေဖုံးဒေသတွင် တိုက်ခိုက်မှုများ ပြင်းထန်စွာ ဖြစ်ပွား ကန် တင့်ကားတစ်စီး ဗုံးခွဲတိုက်ခိုက်ခံရ၍ မီးလောင်ပျက်စီး

ဘဂ္ဂဒက် ဩဂုတ် ၁၇

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် ရှီးယိုက်တို့ အများဆုံးနေထိုင်ရာ ဆင်ခြေဖုံးဒေသတွင် ပြင်းထန်သည့် တိုက်ခိုက်မှုများ ဖြစ်ပွားနေစဉ် အရပ်သား လက်နက်ကိုင်တိုက်ခိုက်ရေးသမားများက အမေရိကန် တင့်ကားတစ်စီးကို ဗုံးခွဲတိုက်ခိုက်မှုကြောင့် တင့်ကား မီးလောင်ပျက်စီးခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများနှင့် အမေရိကန်စစ်ဘက်က ပြောကြားသည်။**

**အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် မီးခိုးလုံးများတက်နေသည်ကို ဩဂုတ် ၁၅ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*

တင့်ကားပေါ် လိုက်ပါလာသော တပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာ အနည်းငယ်ရရှိခဲ့ကြောင်း အမေရိကန် အမှတ်(၁) သံချပ်ကာတပ်မမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

### ပိတ်ဆို့ထား

အီရတ်နိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသရှိ မြို့ရှစ်မြို့တွင် ရှီးယိုက် ခုခံတိုက်ခိုက်ရေးသမားများ တွန်းလှန်တိုက်ခိုက်မှုနှင့် တစ်ချိန်တည်း တစ်နေ့တည်း တိုက်ခိုက်မှုများ ပေါ်လာပြီးနောက် ရက်အနည်းငယ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင်များက ဆင်းရဲသား လူနှစ်သန်းတို့ နေထိုင်သည့် ဆာဒါမြို့အား ပိတ်ဆို့ထားသည်။

### မီးတင်ရှို့

ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါအားသစ္စာခံသည့် မီဒီလက်နက်ကိုင် တိုက်ခိုက်ရေးသမားများက ဒုံးပစ်လောင်ချာဖြင့် တင့်ကားကို ပစ်ခတ်ခဲ့ပြီး မီးတင်ရှို့ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အမေရိကန် ပြောရေးဆိုခွင့်ရှိသူတစ်ဦးကမူ လမ်းဘေးထောင်ဗုံးပေါက်ကွဲမှုကြောင့် တင့်ကားပျက်စီးခဲ့ပြီး မီးရှို့ခံခဲ့ရကြောင်းပြောကြားသည်။

တင့်ကားပေါ် လိုက်ပါလာသည့် တပ်ဖွဲ့ဝင်များ ဒဏ်ရာအနည်းငယ်ရရှိကြောင်း၊ သို့ရာတွင် ယင်းတင့်ကားတွင် တပ်ဖွဲ့ဝင် မည်မျှလိုက်ပါလာကြသည်ဟု ရှင်းရှင်းလင်းလင်း မသိရသေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရိုက်တာရုပ်မြင်သံကြားက တင့်ကားမီးလောင်နေပုံကို ထုတ်လွှင့်ပြသသည်။

အဆိုပါတင့်ကား အပစ်ခံရသည့် လမ်းမကို လက်နက်အစုံ တပ်ဆင်ထားသည့် အမေရိကန်ရဟတ်ယာဉ်က နောက်ပိုင်းတွင် လာရောက်ဗုံးကြဲတိုက်ခိုက်သည်။ မီဒီ လက်နက်ကိုင်များက ဒုံးပစ်လောင်ချာနှင့် သေနတ်ဖြင့် ပြန်လည်ပစ်ခတ်ကြသည်။

***အမ်အင်အေ၊ရိုက်တာ။***

# အီရတ်စစ်ပွဲမှ သင်ခန်းစာများ တိုနီဘလဲ ယူသင့် ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီးဟောင်း တိုက်တွန်း

**လန်ဒန် ဩဂုတ် ၁၇**

ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲအနေဖြင့် အမေရိကန်က ဦးဆောင်၍ အီရတ်နိုင်ငံအား တိုက်ခိုက်ခဲ့သည့် စစ်ပွဲမှ သင်ခန်းစာများယူရန် ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီးဟောင်း ရော်ဘင်ကွတ်က တိုက်တွန်းလိုက်ပြီး အမေရိကန်အစိုးရ၏ လက်ဦးမှုယူ၍ တိုက်ခိုက်သည့် မူဝါဒကို ထောက်ခံခြင်းမပြုဘဲ ခပ်ကင်းကင်းနေသင့်ကြောင်း ပြောကြားသည်။

စစ်ရေးအရ တိုက်ခိုက်မှုများသည် တိုနီဘလဲအား အားနည်းစေသည်ဟု ဆန့်ကျင်ရေးသမား မဲဆန္ဒရှင်များက ရှုမြင်နေကြကြောင်း၊ သဘောထားကွဲစေနိုင်သည့် ယင်းအခြေအနေမျိုးတွင် တိုနီဘလဲအနေဖြင့် ဗြိတိန်နိုင်ငံအား နောက်တစ်ကြိမ် စစ်ပွဲအတွင်း ဆွဲမသွင်းရန် နားလည်ထားသင့်ကြောင်း ရော်ဘင်ကွတ်က ဘီဘီစီအသံလွှင့်ဌာနအား ပြောကြားသည်။

အီရတ်နိုင်ငံအား တိုက်ခိုက်မှုသည် တရားမျှတကြောင်း ပြသလို၍ ဖန်တီးခဲ့သည့် အမေရိကန်သမ္မတဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်၏ လက်ဦးမှုယူ တိုက်ခိုက်သည့် မူဝါဒအား ကျင်းပတော့မည့် လေဘာပါတီညီလာခံတွင် ပယ်ချရန် တိုနီဘလဲအနေဖြင့် လုပ်ဆောင်သင့်ကြောင်း ရော်ဘင်ကွတ်က ဆက်လက်ပြောကြားသည်။

ယင်းတိုက်ခိုက်မှုတွင် မှန်ကန်သည့် ထောက်လှမ်းရေးသတင်းများ ရရှိရန် အကြီးအကျယ် အလေးဂရုပြုရမည်ဖြစ်ပြီး စစ်ပွဲမှ သင်ခန်းစာတစ်ခု ရရှိခဲ့ကြောင်း၊ ၎င်းမှာ စစ်ပွဲတစ်ပွဲ ဆင်နွှဲတိုက်ခိုက်လို၍ တရားမျှတကြောင်း ပြသရန် ရော်ဘင်ကွတ်က ပြောကြားသည်။ ရော်ဘင်ကွတ်သည် ဗြိတိသျှအစိုးရ၏ အီရတ်မူဝါဒကို ဆန့်ကျင်ကန့်ကွက်သည့် အနေဖြင့် အီရတ်စစ်ပွဲ မဖြစ်ပွားမီက အောက်လွှတ်တော် ခေါင်းဆောင်ရာထူးမှ နုတ်ထွက်ခဲ့သည်။

မည်သို့ဆိုစေကာမူ လူမှုဒုက္ခဆိုင်ရာ အကြောင်းပြချက်များဖြင့် တရားမျှတကြောင်း ပြသသည့်အနေဖြင့် စစ်ပွဲဆင်နွှဲရပါသည်ဆိုသော စောဒကတက်မှုသည် နိုင်ငံတကာမိသားစု၏ ဆန္ဒသဘောထားများအား အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့က ဆန့်ကျင်ခဲ့သည်ဟု ထင်မြင်ထားကြသည့် မဲဆန္ဒရှင်များ၏ ရှုမြင်ချက်ကို ယိမ်းယိုင်သွားစေခြင်း မပြုနိုင်ကြောင်း ရော်ဘင်ကွတ်က အခိုင်အမာ ပြောကြားသည်။

အီရတ်စစ်ပွဲအပြီး အီရတ်ဆိုင်ရာ မူဝါဒကြောင့် တိုနီဘလဲ၏ လူထုထောက်ခံမှုသည် ကျဆင်းခဲ့သည်။ အီရတ်နိုင်ငံ၏ အစုအပြုံလိုက်ဖျက်ဆီးနိုင်သည့် အဖျက်လက်နက်များက ခြိမ်းခြောက်မှု အန္တရာယ်ရှိနေသည်ဟု ဗြိတိသျှအစိုးရက ချဲ့ကားပြောကြားခဲ့ကြောင်း ပြည်သူလူထုက ယူဆကြသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# နာဂျက်ဖ်မြို့တွင် အဖမ်းခံခဲ့ရသည့် အာရပ်သတင်းစာဆရာများ ပြန်လွတ်လာ

ဘဂ္ဂဒက် ဩဂုတ် ၁၇

**အီရတ်ရဲတပ်ဖွဲ့က နာဂျက်ဖ်မြို့တွင် တနင်္လာနေ့က ဖမ်းဆီးခဲ့သည့် အာရပ်သတင်းစာဆရာများအား ပြန်လွှတ်ပေးလိုက်ကြောင်း၊ သတင်းစာဆရာများ တည်းခိုရာ ဟိုတယ်မှ ၎င်းသတင်းစာဆရာများ ပြန်ထွက်ခွာသွားပါက အခြား ပြည်ပသတင်းထောက်များအား သတ်ပစ်မည်ဟု နာဂျက်ဖ်မြို့တွင် ရှိနေစဉ်အတွင်း ခြိမ်းခြောက်ခံရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။**

အမေရိကန် တပ်ဖွဲ့ဝင်များနှင့် ရှီးယိုက် မီဒီလက်နက်ကိုင်တပ်သားများ တိုက်ခိုက်မှုသတင်း ယူနေကြသည့် အာမက်အယ်လ်ဆာလေးနှင့် အခြား သတင်းထောက်များကို ရဲတပ်ဖွဲ့က လွှတ်ပေးလိုက်သည်ဟု ဒူဘိုင်း အခြေစိုက် အယ်လ်အာရေဗျ ရုပ်မြင်သံကြားက ပြောကြားသည်။

အီရတ်ရဲတပ်ဖွဲ့က သတင်းထောက် အယ်လ်ဆာလေးအား မည်သည့်အတွက် ဖမ်းဆီးသည်ကို မိမိတို့ မသိရှိကြောင်း၊ သို့ရာတွင် ၎င်းအား ပြန်လွှတ်ပေးလိုက်ကြောင်း အယ်ဒီတာအဗ္ဗဒူ ဆတ်တားအယ်လ်လာဇနက ရိုက်တာသတင်းဌာနအား ပြောကြားသည်။ ဆာလေးသည် နာဂျက်ဖ်တွင် တိုက်ခိုက်မှုသတင်းများ ဆက်လက်ယူမည်ဖြစ်ကြောင်း ထပ်လောင်း ပြောကြားသည်။ ရဲတပ်ဖွဲ့က ဟိုတယ်သို့ ရောက်လာပြီး ဆာလေးအား ဖမ်းဆီးကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဟိုတယ်မှ ထွက်ခွာပါက မိမိတို့က သတ်ပစ်မည်ဖြစ်ကြောင်း၊ ဟိုတယ်မှ ထွက်ခွာသူတိုင်းအား ပစ်ခတ်ရန် ဟိုတယ်ခေါင်မိုးပေါ်တွင် လက်ဖြောင့်တပ်သားလေးဦး ထားမည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့မှဗိုလ်က ပြောကြားသည်။

ရဲတပ်ဖွဲ့ဝင်များက သေနတ်အား မိုးပေါ်ထောင်ပစ်ပြီး ဟိုတယ်အား သေနတ်များဖြင့် ချိန်ထားကြသည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ရဲအရာရှိတစ်ဦးက ၎င်းတို့သည် ရိုက်တာနှင့် အေပီသတင်းဌာနမှ သတင်းထောက်များအား ရှာဖွေနေသည်ဟု ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

# နာဂျက်ဖ်ကို ကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်မှု ဆီးရီးယား သတင်းစာ ပြစ်တင်ရှုတ်ချ

**ဒမတ်စကတ် ဩဂုတ် ၁၇**

ဆီးရီးယားနိုင်ငံတွင် အစိုးရထုတ်ဝေသော သတင်းစာ အယ်လ်သော်ရာက အီရတ်နိုင်ငံ နာဂျက်ဖ်တွင် အမေရိကန် တပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုကို တနင်္လာနေ့က ရှုတ်ချရေးသားလိုက်ပြီး အီရတ်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ဝင်များ အမြန်ရုပ်သိမ်းရန်ကိုလည်း တိုက်တွန်းရေးသားသည်။

အမေရိကန်က နာဂျက်ဖ်မြို့အား ဗုံးကြဲကာ လက်နက်ကြီးများဖြင့် တိုက်ခိုက်နေမှုသည် စစ်ဘက်ဆိုင်ရာ၊ အကျင့်သိက္ခာပိုင်းဆိုင်ရာနှင့် နိုင်ငံရေးလုပ်ရပ် အမှားများအား အဖတ်ဆယ်လို၍ဖြစ်ကြောင်း အဆိုပါ သတင်းစာက ဆက်လက်ရေးသားသည်။

အီရတ်နိုင်ငံအား အမေရိကန် ကျူးကျော်သိမ်းပိုက်ခြင်းသည် အီရတ်ပြည်သူလူထု လွတ်မြောက်ရေးနှင့် အီရတ်နိုင်ငံ ဒီမိုကရေစီနိုင်ငံဖြစ်စေရေးအတွက် အကျိုးမပြုသည့် အချက်ကို သက်သေပြခဲ့ပြီးဖြစ်ကြောင်း၊ သို့ရာတွင် အမေရိကန်က အီရတ်နိုင်ငံအား လက်အောက်ခံဘဝ သွတ်သွင်းလိုပြီး အီရတ်နိုင်ငံ၏ သဘာဝအရင်းအမြစ်များဖြစ်သည့် ရေနံကို ခိုးယူလို၍ဖြစ်ကြောင်း ဖော်ပြပါ သတင်းစာက ရေးသားသည်။

အမေရိကန်ပြည်ထောင်စုက အီရတ်နိုင်ငံအား အရှေ့အလယ်ပိုင်းဒေသတွင် အခြေစိုက်စခန်းအဖြစ် ပြောင်းလဲထားရှိလိုကြောင်း အယ်လ်သော်ရာက စွပ်စွဲရေးသားပြီး အမေရိကန်အစိုးရအနေဖြင့် အီရတ်ကျူးကျော်မှုသည် မဟာဗျူဟာဆိုင်ရာ မဟာအမှားကြီးတစ်ရပ်ဖြစ်ကြောင်း ဝန်ခံပြောကြားရန် ၎င်းသတင်းစာက တိုက်တွန်းလိုက်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## လက်ဘနွန်နှင့် ဆီးရီးယား ယာဉ်မောင်းများ ပြန်လည်လွတ်မြောက်လာ

ကိုင်ရို ဩဂုတ် ၁၇

**ယခုလ စောစောပိုင်းက ပြန်ပေးဆွဲခံခဲ့ရသည့် လက်ဘနွန်နိုင်ငံသား ထရပ်ကားယာဉ်မောင်းနှင့် ဆီးရီးယားနိုင်ငံသား ထရပ်ကားယာဉ်မောင်း သုံးဦးတို့အား အီရတ်ပြန်ပေးသမားများက ပြန်လွှတ်ပေးလိုက်ကြောင်းဖြင့် ဘေရွတ်မှ ကိုင်ရိုသို့ ရောက်ရှိလာသော သတင်းများအရ သိရသည်။**

**ဆီးရီးယားနိုင်ငံသား ထရပ်ကားမောင်းသူ အိုစမာအစ်ဆာနှင့် ၎င်း၏ လုပ်ဖော်ကိုင်ဖက်နှစ်ဦးဖြစ်သည့် အယ်လ်ဂျွန်ဒီနှင့် ခါဒွန်အော့စမန်တို့အား ပြန်ပေးသမားများက ဘဂ္ဂဒက်မြို့တော်အနောက်ပိုင်း သွားလာရာလမ်းတွင် ဩဂုတ် ၆ ရက်က ပြန်ပေးဆွဲခဲ့ခြင်းဖြစ်သည်။** *အမ်အင်အေ၊ဆင်ဟွာ။*

**အီရတ်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်ခြင်းမပြုရန် တောင်းဆိုဆန္ဒပြနေသည့် အယ်လ်ဆာဗေဒို ပြည်သူများကို ဩဂုတ် ၁၆ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*

ဩဂုတ် ၁၄ ရက်က အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်ဆင်ခြေဖုံး ဆာဒါစီးတီးတွင် ဖြစ်ပွားသော တိုက်ပွဲ၌ ဒဏ်ရာရရှိသော အီရတ်တစ်ဦးအား ဆေးရုံသို့ ပို့ဆောင်မည့် ကားတစ်စီးကို အမေရိကန် တပ်ဖွဲ့ဝင်များက ရပ်တန့်ခိုင်းကာ စစ်ဆေးနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ခုခံတိုက်ခိုက်ရေးသမားများ တိုက်ပွဲဖြစ်ပွားစဉ် စိန်ပြောင်းကျည်ကျရောက်ပေါက်ကွဲမှုကြောင့် မီးလောင်နေသည်ကို ဩဂုတ် ၁၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## ဒဏ်ရာရရှိ

အီရတ်နိုင်ငံ ဘာလက်ရှ်မြို့တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသော အီရတ်တစ်ဦးကို ဘာကူဘာမြို့ရှိ ဆေးရုံတွင် ဩဂုတ် ၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မြို့တော်ဘဂ္ဂဒက် ဆင်ခြေဖုံးရှိ ဆာဒါစီးတီးတွင် အမေရိကန်တပ်ဖွဲ့က လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အိမ်တစ်လုံးပျက်စီးနေသည်ကို ဩဂုတ် ၁၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)



ဘဂ္ဂဒက်မြို့တော် လူစည်ကားရာလမ်းတစ်လမ်းတွင် ဒုံးကျည်ထိမှန်မှုကြောင့် မီးလောင်ပျက်စီးနေသည့် ယာဉ်တစ်စီးကို ဩဂုတ် ၁၇ရက်က မီးငြိမ်းသတ်နေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ ဆမ်မာရာမြို့တွင် အမေရိကန်တပ်ဖွဲ့က လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အဆောက်အအုံများ ပျက်စီးနေသည်ကို ဩဂုတ် ၁၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ခေတ်မီစိုက်ပျိုးရေး နည်းပညာများအသုံးပြု စပါးအထွက်တိုးရေးဆောင်ရွက်

ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ် ကွင်းယားကြီး အရှေ့တန်းကျေးရွာတွင် ဧရာဝတီတိုင်း၏ ၂၀၀၄-၂၀၀၅ခုနှစ် မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် စပါးအတန်းလိုက် မျိုးစေ့ချစိုက် စွမ်းရည်ပြိုင်ပွဲ ကျင်းပစဉ်။

(ဓာတ်ပုံ-သတင်းစဉ်)



## သရုပ်ပြ

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေးအတွက် ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် ဘားအံမြို့နယ် တော်ပုံ ကျေးရွာ၌ ကျင်းပခဲ့သည့် မိုးစပါးစိုက်စနစ် မှန်ကန်ရေးသရုပ်ပြပွဲနှင့် လယ်ယာ(၁၆) လက်တွန်းထွန်စက်များ လွှဲပြောင်းပေးအပ်ပွဲ၌ လယ်ယာ(၁၆) လက်တွန်းထွန်စက်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-သတင်းစဉ်)

## စပါးရိတ်စက်

လယ်ယာစိုက်ပျိုးရေး ကဏ္ဍတွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်း ဆောင်ရွက်လျက်ရှိရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနမှ ထုတ်လုပ်သည့် စပါးရိတ်စက်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-စိုက်ပျိုးရေး)

ရန်ကုန်တိုင်း ၂၀၀၄-၂၀၀၅ ခုနှစ် ရေတော်မိုးတော်စပါး ကွင်းပိတ်ပွဲအခမ်းအနားနှင့်စပါးအတန်းလိုက် မျိုးစေ့ချ ကိရိယာဖြင့် မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲ အခမ်းအနားကို လှည်းကူးမြို့နယ် မလစ်အနောက်ကျေးရွာ၌ ကျင်းပစဉ်။

(ဓာတ်ပုံ-သတင်းစဉ်)

# ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အိန္ဒိယရုပ်ရှင်ပွဲတော် ဖွင့်ပွဲအခမ်းအနားတက်ရောက်

ရန်ကုန် ဩဂုတ် ၁၈

**အိန္ဒိယရုပ်ရှင်ပွဲတော်** (Indian Film Week) **ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ နေပြည်တော်ရုပ်ရှင်ရုံ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်အားပေးပြီး အမှာစကား ပြောကြားသည်။**

## တက်ရောက်

အိန္ဒိယရုပ်ရှင်ပွဲတော်ဖွင့်ပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ သံရုံးအဖွဲ့ဝင်များ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းနှင့် မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## ကြိုဆိုနှုတ်ခွန်းဆက်

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး Mr. Rajiv Kumar Bhatia က အိန္ဒိယရုပ်ရှင်ပွဲတော် အထိမ်းအမှတ်ပန်းစည်းကို ပေးအပ်ပြီး ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် Mother India ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေသည်။ အိန္ဒိယ ရုပ်ရှင်ပွဲတော်ကို ယနေ့မှစတင်၍ ဩဂုတ် ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ရာ ပွဲတော်ရက်အတွင်း ညနေ ၆နာရီခွဲ ပွဲစဉ်တိုင်းတွင် နေပြည်တော်ရုပ်ရှင်ရုံ၌ အိန္ဒိယရုပ်ရှင်ဇာတ်ကားများဖြင့် ပြသဖျော်ဖြေမည်ဖြစ်သည်။ (သတင်းစဉ်)

**ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး** Mr. Rajiv Kumar Bhatia **အိန္ဒိယရုပ်ရှင်ပွဲတော် ဖွင့်ပွဲ အခမ်းအနားတွင် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။**
(သတင်းစဉ်)

### ✧ ပြန်ကြားရေးဝန်ကြီးဌာနမှ

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် ပုံနှိပ်စက်သစ်ကြီးနှစ်လုံးကို ကုန်သေတ္တာများဖြင့် အစိုးရပုံနှိပ်စက်ရုံ (မန္တလေးမြို့)သို့ သယ်ယူရန် မော်တော်ယာဉ်များပေါ်တွင် တင်ဆောင်ထားသည်ကို ကြည့်ရှုစစ်ဆေးရာ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးသက်စိုး၊ ဒုတိယအထွေထွေမန်နေဂျာ(ပုံနှိပ်)ဦးကျော်သူနှင့်တာဝန်ရှိသူများကရှင်းလင်းပြသကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပုံနှိပ်စက်သစ်ကြီးနှစ်လုံးကို အစိုးရပုံနှိပ်စက်ရုံ (မန္တလေးမြို့)သို့ သယ်ယူရာတွင် စက်သစ်ကြီးများနှင့် စက်အစိတ်အပိုင်းများ ကုန်သေတ္တာများအတွင်း ထိခိုက်ပျက်စီးမှုမရှိစေရန် ဆောင်ရွက်ရေး၊ လမ်းခရီးတစ်လျှောက် အန္တရာယ် ကင်းရှင်းစွာဖြင့် စနစ်တကျ သယ်ယူရေး၊ အစိုးရပုံနှိပ်စက်ရုံ(မန္တလေးမြို့)သို့ ရောက်ရှိသည့်အခါတွင်လည်း ပုံနှိပ်စက်များကို စည်းကမ်းစနစ်ကျနစွာ တပ်ဆင်ဆောင်ရွက်သွားရေးတို့ကို တာဝန်ရှိသူများအားမှာကြားပြီး ကုန်သေတ္တာများအတွင်း စက်ပစ္စည်းများ ထည့်သွင်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။
(သတင်းစဉ်)

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အိန္ဒိယရုပ်ရှင်ပွဲတော်** (Indian Film Week) **ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

## ကြည့်ရှုလေ့လာ

**မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ် တကောင်းဒေသ တကောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းမှ တွေ့ရှိရသော ပျူအရိုးအိုးများကို ရှေးဟောင်းသုတေသီတစ်ဦး ကြည့်ရှုလေ့လာစဉ်။**
(ယဉ်ကျေးမှု)



### ❍ တကောင်းမှ

မြေပုတီးစေ့ ၁၃ လုံး၊ သံလက်ကောက်တစ်ကွင်း၊ သံလက်ကောက်အပိုင်းအစများ၊ ကြေးလက်စွပ်တစ်ကွင်း၊ ငွေကွင်းနှစ်ခု၊ လိမ္မော်ရောင်ပုတီးစေ့နှစ်စေ့၊ ခြောက်မြှောင့်ဖုံရှည်ပုတီးတစ်ခု၊ ဆလင်ဒါပုံ ပုတီးစေ့တစ်စေ့၊ အဖြူရောင် ပုတီးစေ့ငယ် တစ်စေ့၊ အနက်ရောင် ပုတီးစေ့ငယ်တစ်စေ့၊ ကြွေစေ့တစ်စေ့တို့ ပါရှိသည်။

ယင်းပစ္စည်းများကို ကျောင်းအုပ်ဆရာကြီးက တကောင်း ယာယီပြတိုက်ကို စောင့်ရှောက်လျက်ရှိသော လေးမျက်နှာဘုရားအကျိုးတော်ဆောင် ဆရာတော် ဦးပဏ္ဍိတနန္ဒထံတွင် အပ်နှံသိမ်းဆည်းထားရှိသည်။

#### တစုတဝေးတွေ့ရှိ

ယင်းသို့တွေ့ရှိသည်ကို အကြောင်းပြု၍ ၂၀၀၄ခုနှစ် ဩဂုတ် ၁၀ရက်တွင် ရှေးဟောင်း သုတေသနဦးစီးဌာန (အထက်မြန်မာပြည်)မှ ညွှန်ကြားရေးမှူး ဦးဝေလွင်၊ ပညာရှင်တမ္ပဝတီ ဦးဝင်းမောင်၊ စာရေးဆရာချစ်စံဝင်း၊ ထိန်းသိမ်းရေးမှူး ဦးအေးလွင်တို့သည် ယင်းနေရာကို ဆက်လက်တူးဖော်ရာ တကောင်း အိုးအမှတ်(၁၂)၊ အမှတ်(၁၃)၊ အမှတ်(၁၄)နှင့် အမှတ်(၁၅)တို့ကို ထပ်မံတွေ့ရှိသည်။ ၂၀၀၄ခုနှစ် ဩဂုတ် ၁၁ရက်တွင် ယင်းနေရာ၌ပင် ဆက်လက်တူးဖော်ရာ ယခင်နေ့က တူးဖော်တွေ့ရှိထားသော အိုးများအပါအဝင် ပျူအရိုးအိုးငါးလုံး၊ ရေတကောင်း ၁၆လုံး၊ ပန်းကန်ပြားတစ်ချပ်၊ သောက်ရေခွက်တစ်လုံး စုစုပေါင်း အိုးခွက်ပစ္စည်း ၂၃မျိုးတို့ကို တစုတဝေးတည်း ရရှိခဲ့သည်။

အမှတ်(၁)နေရာမှ တွေ့ရှိမှု အနေအထားကို သုံးသပ်၍ ၂၀၀၄ခုနှစ် ဩဂုတ် ၁၂ရက်၌ မြောက်ဘက်သို့ ခြောက်ပေခန့် ဆက်လက်တူးဖော်ရာ မြေပြင်မှအနက် နှစ်ပေတွင် ပျူအရိုးအိုး အစုအပြုံအမှတ်(၂)နေရာကို ထပ်မံတွေ့ရှိပြီး ယင်းနေရာမှ အရိုးအိုးသုံးလုံး၊ရေတကောင်းကိုးလုံးစုစုပေါင်း ၁၂လုံးကို တစုတဝေး တွေ့ရှိသည်။

#### ပျူအရိုးအိုး

အမှတ်(၁)နေရာမှ တွေ့ရှိရသော ပျူအရိုးအိုး အမှတ်(၁၄)နှင့် အမှတ်(၁၅)တို့ကို ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ပညာရှင်များ၏ ရှေ့မှောက်တွင် ဖွင့်လှစ်ကြည့်ရှုရာ အိုးအမှတ်(၁၄)အတွင်းမှဓားအကွေး–နှစ်လက်၊ ဓားအတိုတစ်လက်၊ဓားအမင်းတစ်ခု၊ သံမှိုတစ်ချောင်း၊ ၁၁ဒသမ၅ လက်မအရှည်ရှိ ကြေးဇွန်းတစ်ချောင်း၊မြေအဖုံးတစ်ချပ်၊ကြေးအဖုံးနှစ်ချပ်၊ ပုတီးစေ့ငယ် ၃၁လုံး၊တစ်လက်မအကျယ်ရှိ လေးထောင့် ရွှေပြားငယ်တစ်ချပ်၊ လူခေါင်းခွံအရိုးများ၊မီးသဂြိုဟ်ထားသောခါးဆစ်၊ လက်ရိုး၊ ခြေရိုး၊ တင်ပါးဆုံနှင့် ခြေချောင်းလက်ချောင်းအရိုးများကို တွေ့ရှိရသည်။ အိုးအမှတ်(၁၄)သည် အမြင့် ၁၅လက်မခွဲ အချင်း ၁၂လက်မ၊ အိုးအဝ ၆လက်မခွဲရှိပြီး အိုးတွင် ကရွတ်ခွေနှင့် အဖုံးပါရှိသည်။ ကရွတ်ခွေသည်အမြင့် တစ်လက်မရှိ၍ အဖုံးအမြင့်သည် သုံးလက်မ၊ အကျယ်ကိုးလက်မရှိသည်။

အိုးအမှတ်(၁၅)မှ ဓားတစ်လက်၊ သံထည်ပစ္စည်းအချို့၊ မြေမီးဖုတ်ပုတီးစေ့တစ်စေ့၊ အံသွားခြောက်ချောင်း၊ ရှေ့သွား သုံးချောင်း၊ အဆောင်ဝက်စွယ်လည်ဆွဲ အသေးတစ်ခု၊ အစိမ်းရောင်ဖုံတို ပုတီးစေ့တစ်စေ့၊ ခြောက်မြှောင့်ဖန်ပုတီးစေ့တစ်စေ့၊ကော်ပုတီးစေ့ ၁၅စေ့၊ မြားတစ်စင်းတို့ကို ရရှိသည်။

အိုးအမှတ်(၁၅)သည် အမြင့် ၁၀ လက်မ၊ အချင်းရှစ်လက်မ၊ အိုးအဝ ငါးလက်မခွဲရှိပြီး အိုးတွင် အောက်ခြေကရွတ်ခွေနှင့် အဖုံးပါရှိသည်။ ကရွတ်ခွေအမြင့် တစ်လက်မရှိ၍ အဖုံး အမြင့်လေးလက်မနှင့် အချင်း ခုနစ်လက်မရှိသည်။

တွေ့ရှိရသော အရိုးအိုးနှင့် ရေတကောင်းများတွင်အိုးလည်ပင်း၊ အိုးနှုတ်ခမ်းသားနေရာတို့တွင် ကြက်ဖပုံနှင့် ဆွမ်းအုပ်ပုံဒီဇိုင်းများပါရှိသည်။

#### ဒီဇိုင်းများ

အရိုးအိုးကိုယ်ထည်တွင် တွေ့ရသောဒီဇိုင်းတို့မှာကြောင်ခြစ်လက်ရာဒီဇိုင်း၊ မျဉ်းဖြောင့်မျဉ်းကောက် ဒီဇိုင်း၊ မှန်ကူကွက်၊လှိုင်းတွန့်ပုံဒီဇိုင်းများပါရှိသည်။ အိုးအဖုံးများတွင် လက်ကိုင်ဖုသီးပါရှိသည်။ ရေတကောင်းများသည် လည်ပင်းသေး၍ အိုးအတွင်း၌ ဘာမျှမပါရှိသည်ကို တွေ့ရသည်။

ယခုတွေ့ရှိရသော ပျူအရိုးအိုးများနှင့် လူအသုံးအဆောင်ပစ္စည်းများသည် တကောင်းမြို့ဟောင်း သမိုင်းကို သုတေသနပြုလျက်ရှိကြသော သမိုင်းသုတေသီတို့အတွက် အလွန်အရေးပါသည့် သမိုင်းတန်ဖိုးကြီးမားသော ရှေးဟောင်း အထောက်အထားပစ္စည်းများ ဖြစ်သည်။

တွေ့ရှိရသော အထောက်အထားပစ္စည်းများအားလုံးကို မူလနေရာ၌ပင် ပြတိုက်တည်ဆောက်ထားရှိရန် ယဉ်ကျေးမှုဝန်ကြီးဌာနမှ စီစဉ်လျက်ရှိပြီး အနီးပတ်ဝန်းကျင် နေရာများတွင် ဆက်လက် တူးဖော်လျက်ရှိသည်။ (သတင်းစဉ်)

## ရန်ကုန်မိုးရေချိန်

(၁၈–၈–၂၀၀၄)

| | | |
|---|---|---|
| ရန်ကုန်မြို့လယ် | – | ၂ ဒသမ ၆၀ လက်မ |
| ရန်ကုန်(မင်္ဂလာဒုံ) | – | ၂ ဒသမ ၄၈ လက်မ |
| ရန်ကုန်(ကမ္ဘာအေး) | – | ၂ ဒသမ ၄၄ လက်မ |

**မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ် တကောင်းဒေသမှ တူးဖော်ရရှိသော ပျူအရိုးအိုးအမှတ်(၁၄)အတွင်းမှ တွေ့ရှိရသည့် လူ၏အရိုးများကို တွေ့ရစဉ်။**
(ယဉ်ကျေးမှု)



# ရေချိုငါးဥယျာဉ် တည်ဆောက်ရေးစည်းဝေး ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်

**ရန်ကုန် ဩဂုတ် ၁၈**

ရန်ကုန်မြို့တော် ကန်တော်ကြီး ဥယျာဉ်နှင့်တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ဘက်စုံအဆင့်မြင့် တည်ဆောက်ရေး၏ Education Zone ရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန Fresh Water Fish Garden တည်ဆောက်မှုဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် ကန်တော်ကြီးငါးဥယျာဉ်တည်ဆောက်ရေး ရှင်းလင်းဆောင်ခန်းမ၌ ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ Fish Garden တည်ဆောက်မှု ကြီးကြပ်ရေး ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ပုစွန်မွေးမြူရေးအဖွဲ့ချုပ် အလုပ်အမှုဆောင်များ၊ တာဝန်ရှိသူများတက် ရောက်ကြသည်။

အစီအစဉ်အရ Fresh Water Fish Garden တည်ဆောက်မှု ကြီးကြပ်ရေးကော်မတီဝင် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိမ်းက Fish Garden တည်ဆောက်မှု လုပ်ငန်းအခြေအနေနှင့် ဆောင်ရွက်ဆဲ လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းကအပန်းဖြေဥယျာဉ်နှင့် ပညာပေးပြကွင်းပြကွက်များ၊ သဘာဝငါးဥယျာဉ်နှင့် စမ်းချောင်းငယ်များအဖြစ် ဖန်တီးသွားမည့် အစီအစဉ်များ၊ အနုစိတ်ဆောင်ရွက်ရမည့် အခြေအနေများကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ငါးအလုပြမှန်ကန်များ တည်ဆောက်နေမှု၊ မိကျောင်းနှင့် လိပ်ကန်များ တည်ဆောက်ပြီးစီးမှုနှင့် ဥယျာဉ်လျှောက်လမ်းများ ကျောက်ခင်းပြီးစီးနေမှု၊ သဘာဝဥမင်လိုဏ် တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

(သတင်းစဉ်)

# ရှမ်းပြည်နယ် ပင်လုံမြို့ မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော်မြတ်ကြီးအတွက် အလှူတော်ငွေပေးအပ်ပွဲ ဩဂုတ် ၂၄ ရက်တွင်ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၈**

ပြည်ထောင်စုမြန်မာနိုင်ငံတော် တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေး အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ်ဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့ ဝိကာသိနီကုန်းတော်၌ တည်ထားသော မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်မြတ်ကြီးအား တင်လှူပူဇော်မည့် ရွှေထီးတော်နှင့် မုဒြာကိုးပါးဗုဒ္ဓရုပ်ပွားတော်ကိုးဆူတို့အတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၂၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာ ဓမ္မသဘင်ခန်းမဆောင်၌ကျင်းပမည်ဖြစ်၍ ကုသိုလ်ရှင်များ လာရောက်လှူဒါန်းနိုင်ကြောင်း သာသနာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

# ကျန်းမာရေးအသိပညာပေးဟောပြော

**ရန်ကုန် ဩဂုတ် ၁၈**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ကျန်းမာရေးလုပ်ငန်းအဖွဲ့နှင့် ပညာရေးလုပ်ငန်းအဖွဲ့တို့၏ပူးပေါင်း စီစဉ်မှုဖြင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲအခမ်းအနားကို ဩဂုတ် ၁၂ရက် နံနက်၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ရန်ကုန်ပညာရေး တက္ကသိုလ်၌ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အကြံပေး ပုဂ္ဂိုလ် ဒေါ်ခင်လေးမြင့်နှင့် အကြံပေး ပုဂ္ဂိုလ်များ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များနှင့်လုပ်ငန်းအဖွဲ့ဝင်များ၊ဟောပြောပို့ချမည့် ကျန်းမာရေးဝန်ကြီးဌာနမှ အထူးကုဆရာဝန်ကြီးများ၊ ရန်ကုန်ပညာရေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ စီမံရေးရာအရာရှိများ၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် အရိုးအဆစ်ဆယ်စုနှစ်နှင့် ကျောင်းကျန်းမာရေး ရက်သတ္တပတ်တို့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ ဆရာဝန်အသင်းမှ ဆေးတက္ကသိုလ်(၂) တွဲဖက်ပါမောက္ခ ဒေါက်တာချစ်စိုးက "အရိုးအဆစ်ဆယ်စုနှစ်" အကြောင်းကိုလည်းကောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် အရိုးရောဂါအထူးကုဆေးရုံကြီးမှ အရိုးအထူးကုဆရာဝန်ကြီး ကထိက ဒေါက်တာခရစ်စတိုဖယ်ဆန်က အရိုးပွခြင်းအကြောင်းကိုလည်းကောင်း၊ အကြောအဆစ်အထူးကုပညာဌာနမှ အထူးကုဆရာဝန်ကြီး ဒေါက်တာပင်ဒိုရာအောင်ကြီးက "ခါးနာရောဂါအကြောင်းသိကောင်းစရာ"ကို လည်းကောင်း၊ ဆေးတက္ကသိုလ်(၂) တွဲဖက်ပါမောက္ခ ဒေါက်တာချစ်စိုးက ကျောင်းကျန်းမာရေး ပညာပေးအကြောင်းကို လည်းကောင်းဟောပြောကြပြီးတက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

(သတင်းစဉ်)

# ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၈**

မြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်၏ (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲ (၂၀၀၄)ကို တတိယနေ့အဖြစ် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ဆက်လက်ကျင်းပလျက်ရှိရာ ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)သည်နံနက် ၁၀နာရီ ၄၅မိနစ်တွင် ရောက်ရှိလာပြီး မြန်မာ့ကျောက်မျက်ရတနာခန်းမရှိ အပေါ်ထပ်နှင့် အလယ်ထပ်တို့၌ ခင်းကျင်းပြသထားသော ကျောက်မျက်အတွဲများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ကျောက်မျက်အတွဲများကို ကြည့်ရှုလေ့လာနေသည့်ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**၈၈၉ ဦး**

အဆိုပါကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲသို့ ယနေ့ညနေ ၅နာရီအထိ ပြည်တွင်းနိုင်ငံသား ရတနာကုန်သည် ၇၅၉ဦး၊ ပြည်ပမှ ရတနာကုန်သည်ပေါင်း ၁၃၀ဦး စုစုပေါင်းရတနာကုန်သည် ၈၈၉ ဦးရောက်ရှိကြပြီး ခင်းကျင်းပြသထားသည့် ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြသည်။

**တင်ဒါထည့်သွင်း**

ဩဂုတ် ၁၉ရက် နံနက် ၇နာရီခွဲတွင် ကျောက်မျက်နှင့်ကျောက်စိမ်း Bargain Form များကို ဖွင့်ဖောက်မည်ဖြစ်ရာ ရတနာကုန်သည်များသည် ယင်းနေ့ နံနက် ၇ နာရီနောက်ဆုံးထား၍ သတ်မှတ်ထားသည့် တင်ဒါပုံးများ၌ ထည့်သွင်းကြရမည်ဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်၏ (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့်ကျောက်စိမ်း ရောင်းချပွဲဖွင့်လှစ်ပွဲအခမ်းအနားကို ဩဂုတ် ၁၉ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ပြီး ဆက်လက်၍ ကျောက်မျက်နှင့် ကျောက်စိမ်းများကို Bargain စနစ်၊ Auction စနစ်များဖြင့် တစ်နေ့တည်းအပြီး ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

# သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ပညာရပ်ဆိုင်ရာဟောပြော

**ရန်ကုန် ဩဂုတ် ၁၈**

စဉ်ဆက်မပြတ်ဆေးပညာတိုးတက်ရေးအစီအစဉ်အရ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း (ဗဟို) ပညာရပ်ဆိုင်ရာ ကော်မတီက ကြီးမှူး၍ မျက်နှာ၊ မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုပညာဌာန ပါမောက္ခ ဌာနမှူး ဦးကိုကိုမောင် (သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် သဃ်န်းကျွန်းစံပြဆေးရုံကြီး)က Ankylosis of TMJ (Clinical Aspects) (ကုခန်းဆိုင်ရာ မေးရိုးအဆစ်ခိုင်ခြင်း ပြဿနာများ) ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဩဂုတ် ၁၅ရက်နံနက် ၉နာရီတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ကျင်းပသည်။

ဟောပြောပွဲသို့ အသင်း ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်အသင်းခွဲ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ သွားနှင့်ခံတွင်းဆရာဝန်များ၊သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

မက္ကဒေးမီးယား ပင်တန်းကြား မြေနေရာလွတ်များတွင် အူလုံလက်ဖက်ပင် စိုက်ပျိုးထားစဉ်။

(ဓာတ်ပုံ–စိုက်ပျိုးရေး)

**❍ စိုက်ပါပျိုးပါမှ**

မက္ကဒေးမီးယားစိုက်ပျိုးရာတွင် အပင်ငယ်စဉ်၌ ပင်ကြား တန်းကြား မြေနေရာလွတ်များရှိနေသည်။ အဓိကသီးနှံ မက္ကဒေးမီးယားမှ ဝင်ငွေမရမီ အထိုက်အလျောက်ဝင်ငွေရရှိရေးအတွက်လည်းကောင်း၊ မိုးရေကြောင့် မြေတိုက်စား၊ မြေဆီလွှာကုန်ဆုံးမှုမှ ကာကွယ်နိုင်ရန်အတွက် လည်းကောင်း မက္ကဒေးမီးယားပင်ကြားတန်းကြားတွင် ကော်ဖီပင်များကို စနစ်တကျစိုက်ပျိုးနိုင်သည်။

ထို့ကြောင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် နောင်ချိုမြို့နယ် အုမ္မခါးဒေသနှင့် ဘန့်ဘွေးဒေသတို့တွင် မက္ကဒေးမီးယားစိုက်ပျိုးပြီးသော မြေဧက ၈၀၀ ကျော်အတွင်းရှိ ပင်ကြား တန်းကြားမြေနေရာလွတ်များတွင် ဒေသနှင့်ကိုက်ညီပြီး ကမ္ဘာ့ကော်ဖီဈေးကွက်ဝင် အကြမ်းခံသော ကော်ဖီမျိုးဖြစ်သည့် ရိုဘတ်စတာကော်ဖီပင်များကို လုပ်ငန်းရှင်တောင်သူများ၏အကူအညီဖြင့် စိုက်ပျိုးပေးခြင်း၊ ကော်ဖီစိုက်ပျိုးရေးနည်းပညာများပေးခြင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ထုတ်လုပ်သော ဇီဝဓာတုမြေဩဇာ(Bio Chemical Fertilizer) ကို အထူးသက်သာသော ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးခြင်း အကူအညီများပေးလျက်ရှိပါသည်၊

ရိုဘတ်စတာကော်ဖီသည် ယခုအခါ မြန်မာနိုင်ငံတွင် ရေပန်းစားနေသော အသင့်ဖျော်ပျော်လွယ် ကော်ဖီထုတ်လုပ်ရာတွင်အများဆုံး အသုံးပြုလျက်ရှိသော ကော်ဖီဖြစ်သည်။ထို့ပြင်ကမ္ဘာ့ဈေးကွက်တွင် ဈေးနှုန်းတည်ငြိမ်မှုရှိပြီး ဝယ်လိုအားကောင်းသော ကော်ဖီလည်းဖြစ်သည်။

ရိုဘတ်စတာကော်ဖီ စိုက်ပျိုးရာတွင် အောက်ဖော်ပြပါ အချက်အလက်များကို လေ့လာထားသင့်ပါသည်–

**ရိုဘတ်စတာကော်ဖီ (ROBUSTA)**

**၁။ မျိုးအမည်** – ROBUSTA (Coffee Canephor)

**၂။ မူရင်းဒေသနှင့်ဆင်းသက်ပုံ**–အာဖရိကမှ တစ်ဆင့် အာရှကျွန်းဆွယ်ဘက်သို့ ပျံ့နှံ့လာသည်။

**၃။ အပင်သရုပ်** – မြေနိမ့်ကော်ဖီ၊ အပင်မြင့်သည်။ ရွက်ပြားကြီးကြီး ကော်ဖီသီးအရွယ်နှင့် အစေ့အရွယ် သေးငယ်သည်။ ကော်ဖီနန္ဒင်းဈေးရောဂါကို အထူးခံနိုင်သည်။ ကော်ဖီသီးဆစ်တစ်ဆစ်လျှင် အသီး ၃၀/၄၀ပါဝင်သည်။ အရိပ်မဲ့ သို့မဟုတ် အရိပ်ပါးပါးဖြင့် စိုက်နိုင်သည်။

**၄။ ထူးခြားသည့်အရည်အသွေး** - Caffeine ဓာတ် ၂ဒသမ၇ရာခိုင်နှုန်းပါဝင်ပြီး မြေမြင့်အာရေဘီးကားကော်ဖီထက် နှစ်ဆပိုများသည်။ ရေငတ်ဒဏ်လုံးဝမခံနိုင်ပါ။ ကော်ဖီပင်စည် ထိုးပိုးအဖြူ (White Borer) ကျရောက်မှုမရှိပါ။ အမြစ်ပိုင်းကို တိုက်ခိုက်သည့် Nematode ဒဏ်ကို ခံနိုင်သည်။

**၅။ တစ်ဧကအထွက်နှုန်း** – မိုးရွာသွန်းမှုကောင်းသော ဒေသများတွင် တစ်ဧက ၄၀၀/၅၀၀ကီလို ထွက်ရှိသည်။

**၆။ အပင်အကွာအဝေး** – ၁၀ပေX၁၀ပေ

**၇။ တစ်ဧကဝင်ဆံ့ပင်** – ၄၃၅ပင်

**၈။ ကော်ဖီအရသာ** – Cup Quality မှာ သင့်ရုံသာရှိပြီး အာရေဘီးကားအုပ်စုဝင်ထက်ပိုခါးသည်။

**၉။ ပန်းပွင့်ချိန်**–ဧပြီလတတိယပတ်၊ စတုတ္ထပတ်

**၁၀။ စတင်သီးချိန်မှရင့်မှည့်သည့်ကာလ**–၉/၁၁လ

**၁၁။ တစ်ပင်အတွက်အသီး**– ၃ပြည်မှ ၁၁ပြည်အထိ

**၁၂။ ကုန်ကျစရိတ်အကျိုးအမြတ်အချိုး** –၁း၁ဒသမ၅

**၁၃။ ကမ္ဘာ့ကော်ဖီဈေးကွက်** – ကမ္ဘာ့ဈေးကွက်တွင် ၂၀ရာခိုင်နှုန်း ရောင်းတမ်းဝင်မျိုးဖြစ်သည်။

ကော်ဖီပင်ကောင်းခြင်းနှင့် စပ်လျဉ်း၍ အင်္ဂလန်နိုင်ငံထုတ် သတင်းစာတစ်စောင်က ကော်ဖီ၏ ကောင်းကျိုးများကို တခမ်းတနားဖော်ပြခဲ့ရာတွင် ကော်ဖီသည် ဝမ်းကောင်းစေကြောင်း၊ အစာကိုကြေလွယ်စေကြောင်း၊ စိတ်ဓာတ်တက်ကြွစေကြောင်း၊ စိတ်လက်ပေါ့ပါးစေကြောင်း၊ မျက်စိနာ၊ လည်ချောင်းနာ၊ အအေးမိ၊ နာစေးခြင်းများကို သက်သာပျောက်ကင်းစေရုံသာမက ထုံနာကျဉ်နာ၊ ခြေဆစ်လက်ဆစ်ကိုက်၊ လေးဘက်နာ ရောဂါနှင့် ရေဖျဉ်းစွဲရောဂါကိုပျောက်စေနိုင်ကြောင်း ဖော်ပြထားသည်ကို လေ့လာမှတ်သားမိကြောင်းရေးသားတင်ပြလိုက်ရပါသည်။ ။

# ဧရာဝတီနှင့်ချင်းတွင်းမြစ်ကူးတံတားကြီးများအား ဖြတ်သန်းမည့် ရေယာဉ်များအတွက် ရေလမ်းထိန်းစခန်းများဖွင့်လှစ်ထား

**ရန်ကုန် ဩဂုတ် ၁၈**

ယခုနှစ်တွင် မိုးများပြီးမြစ်ရေများကြီးသဖြင့် မြစ်တွင်းရေထုထည် စီးဆင်းနေမှုများ၍ ရေစီးနှုန်းမြင့်မားနေချိန်၌ ရေယာဉ်များ မြစ်ကူးတံတားကြီးများဖြတ်သန်းရာ၌ အန္တရာယ်ကင်းစေရေးအတွက် မြစ်ရေစီးနှုန်းနှင့် ဦးတည်ရာအရပ်၊ ရေယာဉ်ခုတ်မောင်းရမည့် လမ်းကြောင်းစသည့် ရေကြောင်းဆိုင်ရာ သတင်းအချက်အလက်များ ပံ့ပိုးပေးရန်နှင့် ရေယာဉ်များ လမ်းကြောင်းမှန်ခုတ်မောင်းစေရန် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့၌ တံတားကြီးဖြတ်သန်းမှု ရေလမ်းထိန်းစခန်းများ ဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိသည်။

ဧရာဝတီမြစ်၌ စစ်ကိုင်းတံတားအတွက် ရွှေကြက်ယက်တွင်လည်းကောင်း၊ ချောက်အနော်ရထာ တံတားအတွက် လမ်းရွာတစ်ဖက်ကမ်းတွင်လည်းကောင်း၊ မကွေးတံတားအတွက် မြသလွန်ဘုရား အထက်တွင်လည်းကောင်း၊ ပြည်နဝဒေးတံတားအတွက် မြရွာတွင် လည်းကောင်း၊ ဗိုလ်မြတ်ထွန်း တံတားအတွက် စက္ကော့တွင်လည်းကောင်း၊ မအူပင်တံတားအတွက် အထက်တလုပ်လပ်တွင်လည်းကောင်း၊ ချင်းတွင်းမြစ်တွင် မုံရွာတံတားအတွက် အလုံတွင်လည်းကောင်း၊ ဆင်ဖြူရှင်တံတားအတွက် အမြင့်ရွာတွင်လည်းကောင်း ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တံတားကြီးဖြတ်သန်းမှု ရေလမ်းထိန်းစခန်းချထားပြီး တံတားအားဖြတ်သန်းရမည့် ရေကြောင်းဆိုင်ရာ အချက်အလက်များ အသိပေးပြောကြားလျက်ရှိသည်။

အဆိုပါ မြစ်ကူးတံတားကြီးများအားအစုန်ဖြတ်သန်းကြမည့် ရေယာဉ်များသည် သက်ဆိုင်ရာတံတားကြီးဖြတ်သန်းမှု ရေလမ်းထိန်းစခန်းများ၌ရေကြောင်းဆိုင်ရာ သတင်းအချက်အလက်ရယူ၍ လမ်းညွှန်ချက်အတိုင်း ခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

## ၁၉–၈–၂၀၀၄ (ကြာသပတေးနေ့ )

**နံနက်ပိုင်း**

- ၇း၀၀ ၁။ **အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈း၀၅ ၆။ အကပဒေသာ
- ၈း၂၀ ၇။ ဖြူးချောင်းတံတား
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ Let's Go.
- ၉း၀၀၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ English for Everyday Use.
- ၄း၄၅ ၄။ တေးဂီတအစီအစဉ်
- ၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ –တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅း၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅း၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅း၄၅ ၈။ တေးဂီတအစီအစဉ်
- ၆း၀၀ ၉။ ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ (လွင်မိုး၊မင်းမော်ကွန်း၊ဇာနည်၊ ကင်းကောင်၊စိုးမြတ်နန္ဒာ၊ လှအဥ္ဇလီတင့်၊ကြည်လဲ့လဲ့ဦး၊ ဂွမ်းပုံ)
- ၆း၁၅၁၀။ တေးဂီတအစီအစဉ်
- ၆း၃၀၁၁။ ညနေခင်းသတင်း
- ၇း၀၀၁၂။ မိုးလေဝသအခြေအနေ
- ၇း၀၅၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ လူချွန်လူကောင်း(အပိုင်း–၃)**
- ၇း၃၅ ၁၄။ နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၇း၄၅၁၅။ ကျေးလက်ဒေသတစ်ခွင်အလှဆင်
- ၈း၀၀၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **မြန်မာဗီဒီယိုဇာတ်လမ်း သမုဒ္ဒရာနှင့်တူသောအချစ် (အပိုင်း–၁) (ဒွေး၊ဖြိုးငွေစိုး၊နန္ဒာလှိုင်) (ဒါရိုက်တာ–ကိုဇော်–အရဏ်ဦး)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

# နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲ စည်းကမ်းချက်များထုတ်ပြန်

ရန်ကုန် ဩဂုတ် ၁၈

**၂၀၀၅ ခုနှစ် မတ် ၂၇ရက်တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ကဗျာနှင့်အနုပညာပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ၏ ကဗျာပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီက တပ်မတော်နေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ၊ တပ်မတော်၏ အစဉ်အလာကောင်းများကို ဖော်ကျူးသော အကြောင်းအရာများ၊ ကုန်းဘောင်ခေတ်(အေဒီ-၁၈၂၄ ခုနှစ်)၊ လွတ်လပ်ရေးခေတ်(၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ် အထိ)နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီခေတ်များမှ ခေတ်တစ်ခေတ်၏ ဇာတိဂုဏ်၊ အမျိုးသားဂုဏ် စသော သမိုင်းဝင်ဖြစ်ရပ်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဘာသာ၊ သာသနာ ဆောင်ရွက်မှုများ၊ တည်ဆောက်ပြုပြင်ရေး ဆောင်ရွက်မှုများ၊ ငြိမ်းချမ်းရေးဆောင်ရွက်မှုများ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆောင်ရွက်မှုများ စသည့် အကြောင်းအရာများကို ရေးဖွဲ့နိုင်သည်။

ကဗျာများကို အကဲဖြတ်ရာတွင် အကြောင်းအရာပိုင်း၊ တင်ပြပုံအပိုင်း၊ ရေးဖွဲ့ပုံအပိုင်းဟူသော အပိုင်းသုံးပိုင်းကို အခြေခံ၍ အမှတ်ပေးစနစ်ဖြင့် အကဲဖြတ်သွားမည်။

ကဗျာပြိုင်ပွဲကို အဆင့်(၁)နှင့် အဆင့်(၂)ဟူ၍ ခွဲခြား ကျင်းပသွားမည်။ တပ်မတော်နေ့ ကဗျာပြိုင်ပွဲ၊ အမျိုးသား ဆောင်ပုဒ်များ ကဗျာပြိုင်ပွဲ၊ စာပေဗိမာန် စာမူဆုပြိုင်ပွဲနှင့် ပခုက္ကူဦးအုန်းဖေ စာပေဆုကဗျာပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယရရှိခဲ့သူများနှင့် အမျိုးသားစာပေဆု ရရှိသူများသည် အဆင့်(၁)တွင်လည်းကောင်း၊ အထက်ပါ ဆုများ မရရှိသေးသူများသည် အဆင့်(၂)တွင် လည်းကောင်း ယှဉ်ပြိုင်ရမည်။ ခြွင်းချက်အနေဖြင့် အထက်ပါဆုများ မရရှိခဲ့သော်လည်း မိမိဆန္ဒအလျောက် အဆင့်(၁)တွင် ယှဉ်ပြိုင်လိုပါက ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်တစ်ဦးသည် အဆင့်တစ်ဆင့်တွင်သာ ယှဉ်ပြိုင်ခွင့် ရှိပြီး မိမိယှဉ်ပြိုင်သည့် အဆင့်နံပတ်ကို ကဗျာစာမူတွင် ထင်ရှားပီသစွာ ရေးသားဖော်ပြရမည်။

အဆင့်(၁)တွင် ကဗျာရှည်ပြိုင်ပွဲနှင့် ကဗျာတိုပြိုင်ပွဲ ဟူ၍ ပြိုင်ပွဲအမျိုးအစား သတ်မှတ်ပေးထားရာ မည်သည့် အဆင့်တွင်မဆို ပြိုင်ပွဲဝင်တစ်ဦးသည် အမျိုးအစားနှစ်မျိုး စလုံးတွင်ဖြစ်စေ၊ ကြိုက်နှစ်သက်ရာ တစ်မျိုးတွင်ဖြစ်စေ ပါဝင်ယှဉ်ပြိုင်နိုင်ခွင့်ရှိသည်။ သို့ရာတွင် အမျိုးအစားတစ်မျိုး တွင် ကဗျာတစ်ပုဒ်သာ ယှဉ်ပြိုင်ရမည်။

ကဗျာတိုတွင် ပါဒ ၁၀၀မှ ၃၀၀ထိ၊ ကဗျာရှည်တွင် ပါဒ ၁၀၀၀မှ ၂၀၀၀ထိ ရေးစပ်နိုင်သည်။ ကဗျာတိုတွင် ပါဒအပိုအလို ၃၀၊ ကဗျာရှည်တွင် ပါဒ ၅၀သာ ခွင့်ပြု၍ ယင်းအချက်နှင့် မကိုက်ညီသော ကဗျာများကို မစဉ်းစားပါ။

ကဗျာစပ်ထုံး၊ ကဗျာစပ်နည်းမှန်ကန်ရမည့်အပြင် ကာရန်မဲ့ကဗျာနှင့် မော်ဒန်ကဗျာများကို လုံးဝ လက်မခံပါ။

ကဗျာစာမူကို စာမျက်နှာတစ်ဖက်တည်းတွင် သန့်ရှင်း သေသပ်စွာရေးသားပြီး မိတ္တူနှစ်စောင်ပေးပို့ရန်ဖြစ်သည်။

ပြိုင်ပွဲဝင်သူ၏ အမည်ရင်း၊ ကလောင်အမည်၊ မိဘအမည်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာ ဟူသော အချက်ခြောက်ချက်နှင့် တကွ ၂"x၂½" အရွယ် ရောင်စုံဓာတ်ပုံသုံးပုံ ပူးတွဲပေးပို့ရမည်။

ဆုရကဗျာများကို နိုင်ငံတော်က သုံးစွဲခွင့်ရှိသည်။ ပင်ကိုရေးကဗျာဖြစ်ကြောင်းနှင့် ပုံနှိပ်ဖော်ပြခြင်း မရှိခဲ့ဖူးကြောင်း ဝန်ခံချက်ပါရှိရမည်။ စည်းကမ်းချက်နှင့် မညီသော စာမူများကို လက်ခံမည်မဟုတ်ပါ။

ပြိုင်ပွဲဝင်ကဗျာစာမူများ နောက်ဆုံးထားပေးပို့ရမည့် ရက်မှာ (၂၀၀၅ခုနှစ်ဇန်နဝါရီ ၃၁ရက်)ဖြစ်ပြီး ဒုတိယ ဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း) (မြင်းမူမောင်နိုင်မိုး) စာတည်း မှူးချုပ် နိုင်ငံ့ဂုဏ်ရည်စာပေတိုက် စာပေဗိမာန် ၅၃၁ ကုန်သည်လမ်း၊ ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂ထံသို့ လိပ်မူ၍ ပေးပို့ကြရန် ကြေညာချက် ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

## မြန်မာယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၁၈**

တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံ ပြည်သူများ၏ ချစ်ကြည်မှုကို တိုးပွားစေရေးတို့အတွက် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဦးဆောင်သည့် ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ဩဂုတ် ၁၈ရက်မှ ၂၅ရက်အထိ ကျင်းပမည့် (၆)ကြိမ်မြောက် အာရှ အနုပညာပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားကြသည်။

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဦးဆောင်သော ယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့အား ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံရုံးအဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

**(အပေါ်ပုံ)**

အဆိုပါ ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ ယဉ်ကျေးမှု ဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်နုမြခံ၊ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)မှ ပါမောက္ခဒေါ်ခင်ကြည်ပြာ၊ ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှကြီးမောင်မောင်နှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီးရုံးမှ ဌာနစိတ်မှူး ဦးထွန်းထွန်းလွင်တို့ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

**ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ဝေဇယန္တာဥယျာဉ်ရိပ်သာ(၅)လမ်း အမှတ် (၉၆)နေ ဦးချစ်သောင်း၊ ဒေါ်မြင့်မြင့်အေး သားသမီးမြေးတစ်စုတို့က ဒေါ်မြင့်မြင့်အေး၏ မွေးနေ့ အထိမ်းအမှတ် သုံးထပ်ဘိုးဘွား ဆေးရုံသစ်ကြီး တည်ဆောက်ရန် အတွက် ငွေကျပ် နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက် ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးသို့ ဩဂုတ် ၁၂ရက်က ပေးအပ်လှူဒါန်းစဉ်။**

(က-ပ)

**ဩဂုတ် ၁၈ရက်က အင်းစိန်မြို့နယ် ဈေးကုန်းအနောက်ရပ်ကွက် ရတနာပုံလမ်းနေ ဦးထွန်းရ-ဒေါ်ရှုလေ၊ သား ဦးချမ်းအေး မိသားစု (ထိပ်တန်း အသေးစားငွေစုငွေချေးလုပ်ငန်း)က စိန်ရတနာ နာရေးကူညီမှု အသင်းသို့ အလှူငွေကျပ် ၃၀၀၀၀၀ ပေးအပ်လှူဒါန်းရာ အသင်းဒုတိယ ဥက္ကဋ္ဌ ဦးထွန်းမင်းနှင့်အဖွဲ့ လက်ခံယူကြစဉ်။**

(ခရိုင်ပြန်/ဆက်)

## ပိုက်ကျော်ခြင်းအားကစားအဖွဲ့ သရုပ်ပြ မုံရွာ၊ ပခုက္ကူနှင့် မြင်းခြံမြို့တို့တွင် ခတ်ကစား

**ရန်ကုန် ဩဂုတ် ၁၈**

အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်၏ စီမံမှုဖြင့် အဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးမိုးဆန်းအောင်(ငြိမ်း) ခေါင်းဆောင်သော ပိုက်ကျော်ခြင်း သရုပ်ပြ အားကစားအဖွဲ့သည် ဩဂုတ် ၁၀ရက် နံနက် ၈နာရီတွင် မုံရွာမြို့ အနောက်မြောက်တိုင်း စစ်ဌာနချုပ်၌ ပြုလုပ်သော တပ်မတော်(ကြည်း၊ရေ၊လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲ၌ နှစ်ယောက်တွဲ သရုပ်ပြ ခတ်ကစားခဲ့ကြသည်။ ဆက်လက်၍ မွန်းလွဲ ၂ နာရီတွင် ပခုက္ကူတက္ကသိုလ် အားကစားရုံနှင့် ညနေ ၄နာရီတွင် ပခုက္ကူ မိုးလုံလေလုံ အားကစားရုံတို့၌ သုံးယောက်တွဲ သရုပ်ပြခတ်ကစားခဲ့ရာ သရုပ်ပြပြိုင်ပွဲသို့ နယ်မြေခံတပ်နယ်မှူး၊ တပ်ရင်းမှူး၊ ခရိုင်ဥက္ကဋ္ဌ၊ တက္ကသိုလ် ပါမောက္ခချုပ်၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ခရိုင်အား/ကာမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဝါသနာရှင် အားကစားသမားများ လာရောက်ကြည့်ရှု အားပေးကြသည်။

ဩဂုတ် ၁၁ရက် နံနက် ၁၀နာရီတွင် မြင်းခြံမြို့ မိုးလုံလေလုံအားကစားရုံတွင် သုံးယောက်တွဲ သရုပ်ပြပြိုင်ပွဲကစားခဲ့ရာ မြင်းခြံခရိုင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ခရိုင် အား/ကာမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အားကစား ဝါသနာရှင်များ လာရောက်ကြည့်ရှု အားပေးကြသည်။

### လှူဒါန်းခဲ့

သရုပ်ပြပွဲကျင်းပရာတွင် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်မှ ပိုက်များ၊ ခြင်းလုံးများကို လှူဒါန်းခဲ့ပြီး အဖွဲ့အစည်းများကလည်း မြန်မာ့လက်ရွေးစင် အားကစားသမားများ အတွက် လက်ဆောင်ပစ္စည်းများနှင့် အဖွဲ့ချုပ်သို့ အလှူငွေများ ပေးအပ်ကြသည်။

### ဘက်ပေါင်းစုံမှုကြိုးပမ်း

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် အနေဖြင့် ပိုက်ကျော်ခြင်း အားကစား တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပိုမို တိုးတက်ကစားလာရေး၊ အားကစားသမား မျိုးဆက်သစ်များ ပေါ်ထွန်းလာရေးတို့အတွက် ဘက်ပေါင်းစုံမှုကြိုးပမ်း ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာ ပြိုင်ပွဲများ၌ အောင်မြင်မှုရရှိရေးကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

### လေ့ကျင့်လျက်ရှိ

အဆိုပါ သရုပ်ပြပွဲတွင် မြန်မာ့လက်ရွေးစင် အောင်ဟိန်း၊ ဇော်ဇော်ထက်၊ သိန်းဇော်မင်း၊ ကျော်မင်းစိုး၊ ခိုင်မင်းစိုးနှင့် အောင်ချိုမြင့်တို့ လိုက်ပါသွားကြပြီး ယင်းကစားသမားများ အပါအဝင် ကစားသမား ၁၂ ဦးသည် စက်တင်ဘာ ၂၇ ရက်တွင် မလေးရှားနိုင်ငံ ပီနန်မြို့၌ကျင်းပမည့် ကမ္ဘာ့အဆင့် ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်လျက်ရှိသည်။

(ကြေးမုံ)

## တစ်ချက်တည်းဖြင့်ကျင်းဝင်

**ရန်ကုန် ဩဂုတ် ၁၈**

ဦးဖေလွင် (ထားဝယ် ဂေါက်သီးရိုက်အသင်း)သည် ကစားဖော်များ ဖြစ်ကြသော ဗိုလ်မှူးရွှေပြည်ဟိန်း၊ ဦးယုစိန်၊ ဦးဌေးဝင်းတို့နှင့်အတူ ဩဂုတ် ၁၅ရက်တွင် ထားဝယ် ဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားကြရာ New Win No(7) ဘောလုံးကို Wilson Iron No(9) တုတ်ဖြင့် ရိုက်လိုက်ရာ ၁၃၅ကိုက်အကွာတွင်ရှိသော အမှတ်(၁၁)ကျင်းသို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

(သတင်းစဉ်)

## သရုပ်ပြ ခတ်ကစား

**မြင်းခြံမြို့ အားကစားရုံတွင် မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်း အားကစားသမားများ သရုပ်ပြ ခတ်ကစားပြစဉ်။** (ကြေးမုံ)

**➪ မြန်မာဘောလုံးအသင်းမှ**

အိန္ဒိယအသင်း၊ အိမ်ရှင်ဗီယက်နမ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး နှစ်သင်းစလုံးလက်ရွေးစင်အသင်းများဖြစ်ရာ အုပ်စုတက်ရေးအတွက် တက်ကုန်ရှက်စုံဖွင့် ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် ဗီယက်နမ်လက်ရွေးစင်အသင်းနှင့် မကြာခဏ ယှဉ်ပြိုင်ကစားဖူးရာ ဗီယက်နမ်အသင်းအနေအထားကို ခန့်မှန်းနိုင်သော်လည်း အိန္ဒိယ လက်ရွေးစင်အသင်းနှင့်မူ မဆုံတွေ့သည်မှာ ကြာပြီဖြစ်၍ ၎င်း၏ခြေကို မခန့်မှန်းနိုင်ဖြစ်နေသည်။ သို့သော် ယခုလဆန်းပိုင်းတွင် အိန္ဒိယနိုင်ငံမှ Mohun Bagan အသင်းနှင့် ခြေစမ်းပွဲ နှစ်ပွဲ ကစားခွင့်ရလိုက်ရာ ပြိုင်ပွဲဝင် မြန်မာအသင်းအတွက် အကျိုးအမြတ်တစ်ခု ပင်ဖြစ်ပေသည်။

ပြိုင်ပွဲဝင် မြန်မာအသင်းသည် ယခုပြိုင်ပွဲအတွက် သုံးလအလိုမှ စတင်၍ စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်ခဲ့ပြီး ယခုအခါ အသင်းကို အကောင်းဆုံးဖြစ်အောင် တည်ဆောက်ကာ အောင်မြင်မှုရရှိရေး ရည်မှန်းချက်ဖြင့် ပြိုင်ပွဲဝင်မည် ဖြစ်ပေသည်။

L.G ဖလားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြေးမုံကပြိုင်ပွဲနှင့် ပတ်သက်၍ သိလိုသည်များကို မြန်မာဘောလုံးပရိသတ်ကြီး သိနိုင်ရန် သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

**စိတ်ဓာတ်မြင့်မား**

အဖွဲ့ခေါင်းဆောင် ဦးဝေယံအောင်က "မိမိတို့ မြန်မာအသင်းသည် ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေး ရည်ရွယ်

**အသင်းခေါင်းဆောင် စိုးမြတ်မင်းက အုပ်စုတွင်တွေ့မည့် နှစ်သင်းစလုံးကို ခက်ခက်ခဲခဲနှင့် ယှဉ်ပြိုင်ရမယ်ဟု ပြောကြားစဉ်။**
ဓာတ်ပုံ–စိုးညွှန့်(ကြေးမုံ)

၍ သွားရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း၊ မိမိတို့အသင်းမှာ လူငယ်အများစုဖြင့် ဖွဲ့စည်းထားပြီး ကလေးတွေကလည်း စိတ်ဓာတ်မြင့်မားနေ၍ အားရမိကြောင်း၊ အုပ်စုတွင် လက်ရှိချန်ပီယံအသင်း၊ အိမ်ရှင်အသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်၍ အုပ်စုတက်ရန် အစွမ်းကုန်ကြိုးစားရမည်ဖြစ်ကြောင်း၊ အောင်မြင်မှုရလျှင်လည်း လူကြီးများ၏အစီအစဉ်ဖြင့် ပံ့ပိုးမှုများပြုလုပ်ပေးမည်ဖြစ်ကြောင်း၊ မြန်မာဘောလုံးပရိသတ်မျှော်လင့်ထားသလို ဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း" ပြောကြားသွားသည်။

အုပ်ချုပ်သူ ဦးခင်မောင်ကြိုင်က "ပွဲဦးထွက် ဗီယက်နမ်ကို အနိုင်ရလျှင် အုပ်စုတက်ရန် သေချာသလောက်ရှိသွားမည်ဖြစ်ကြောင်း၊ ဗီယက်နမ်ပွဲမှာ မျှော်လင့်သလိုဖြစ်လာရင် အိန္ဒိယနှင့်ပွဲတွင် မိမိတို့လိုသလို ကစားနိုင်မည်ဖြစ်ကြောင်း၊ အသင်းမှာကြံ့ခိုင်မှု၊ စိတ်ဓာတ်၊ စည်းကမ်းများတိုးတက်လာကြောင်း၊ ကလေးတွေလည်း ယခင်က ထက်တိုးတက်မှုရှိလာကြောင်း၊ ပွဲတိုင်းအနိုင်ရအောင် ကြိုးစားသွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

**ဗီယက်နမ်ပွဲ**

နည်းပြချုပ် ဦးတင်ဟန်က "ကလေးတွေမှာ ယခင်ကထက် စိတ်ဓာတ်၊ စည်းကမ်း၊ ကြံ့ခိုင်မှုများ တိုးတက်လာ

**မိမိတို့အသင်းအနေဖြင့် အမြင့်ဆုံးအနေအထားရရှိအောင် ကြိုးစားသွားမည်ဟု နည်းပြချုပ် ဦးတင်ဟန် ပြောကြားစဉ်။**
ဓာတ်ပုံ–စိုးညွှန့်(ကြေးမုံ)

ပြီး အသင်းလိုက်ကစားမှုတွေပါ တိုးတက်လာ၍ အားရမိကြောင်း၊ အုပ်စုတက်ရန်အတွက် ဗီယက်နမ်ပွဲကို အနိုင်ရရန်လိုကြောင်း၊ အုပ်စုတက်လျှင် ဗိုလ်လုပွဲအထိရောက်နိုင်ကြောင်း၊ (ခ) အုပ်စုတွင် အသင်းကြီးများမပါဝင်ကြကြောင်း၊ မလေးရှားအသင်းမှာလည်း လက်ရွေးစင်အသင်းမဟုတ်ဟု သိရကြောင်း၊ အားကစားဝန်ကြီးဌာန ဝန်ကြီး၏ မှာကြားချက်၊ အဖွဲ့ချုပ်နာယကများ၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၏ အနီးကပ်ပံ့ပိုးပေးမှုတို့ကိုခံယူ၍ မိမိတို့အသင်းအနေဖြင့် အကောင်းဆုံး အနေအထားရောက်ရှိအောင် ကြိုးစားသွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

အသင်းခေါင်းဆောင် စိုးမြတ်မင်းက "အသင်းသားအားလုံးအောင်မြင်မှု ရရှိရေးရည်မှန်းပြီး ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် နောက်တန်းတွင် ကစားရရန်များပြီး နည်းပြများက လိုသလို ကစားခိုင်းမည်ဖြစ်၍ အခွင့်အရေးရလျှင်ဂိုးများ သွင်းမည်ဖြစ်ကြောင်း၊ အုပ်စုတွင်တွေ့မည့် နှစ်သင်းစလုံးကို အနိုင်ရရန် ခက်ခက်ခဲခဲယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

တိုက်စစ်မှူး ထွန်းမင်းဦးက "အိန္ဒိယအသင်းမှာ လက်ရှိချန်ပီယံဖြစ်၍ ခက်ခက်ခဲခဲ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဗီယက်နမ်မှာလည်း အိမ်ရှင်ဖြစ်၍ ပို၍ကြိုးစား ကစားရမည်ဖြစ်ကြောင်း၊ အသင်းမှာ လေ့ကျင့်မှုရော စိတ်ဓာတ်ရေးရာမှာပါ အမြင့်ဆုံးအနေအထားတွင်ရှိကြောင်း၊ ပရိသတ်၏အားပေးမှုကို အောင်မြင်မှုဖြင့်ပေးဆပ်လိုကြောင်း" ပြောကြားသွားသည်။

ရှေ့တန်းကစားသမား ရန်ပိုင်က "အုပ်စုတက်ရန် ဗီယက်နမ်နှင့်ပွဲ၌ ရလဒ်ကောင်းရန်လိုကြောင်း၊ မိမိအနေဖြင့် ပြိုင်ပွဲဝင်ရန်အသင့်ဖြစ်နေပြီ ဖြစ်ပြီး အခွင့်အရေးတစ်ကြိမ်ရ၊ တစ်ဂိုးဖြစ်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း၊ အောင်မြင်မှုရရှိရေး ကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

ခံစစ်မှူးဇော်ထက်အောင်က "မိမိအနေဖြင့် လက်ရွေးစင် ကစားသမားဘဝ၌ ဗီယက်နမ်အသင်းနှင့် အိန္ဒိယအသင်းတို့ကို ပထမဦးဆုံးတွေ့ဆုံဖူးခြင်းဖြစ်ကြောင်း၊ ရထားသည့်ဒဏ်ရာမှာလည်း ပျောက်ကင်းသွားပြီဖြစ်၍ ပြိုင်ပွဲဝင်ဖို့အသင့်ဖြစ်နေပြီ ဖြစ်ကြောင်း၊ မိမိအနေဖြင့် အပြန်ခရီးတွင် ပရိသတ်များ စည်စည်ကားကားဖြင့် ကြိုဆိုကြသည်ကို တွေ့မြင်လိုကြောင်း" ပြောကြားသွားသည်။

ဂိုးသမားအောင်အောင်ဦးက "အုပ်စုတွင်တွေ့မည့် နှစ်သင်းစလုံးမှာ ပြိုင်ပွဲ၏ အကောင်းဆုံးနှစ်သင်းဖြစ်ကြောင်း၊ ထို့အတွက်အုပ်စုတက်ရန် နှစ်ဆပို ကြိုးစားရမည်ဖြစ်ကြောင်း၊ အုပ်စုကျွတ်လျှင် ဗိုလ်လုပွဲထိ ရောက်နိုင်ကြောင်း၊ ပေးဂိုးနည်းသထက်နည်းအောင် ကာကွယ်သွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

တိုက်စစ်မှူး ဇော်ထိုက်က "နှစ်သင်းစလုံးအသင်းကောင်းဖြစ်၍ အုပ်စုတက်ရန် အားကုန်ထုတ်ကစားရမည်ဖြစ်ကြောင်း၊ မိမိလက်ရွေးစင် ကစားသမားဘဝ၌ ဗီယက်နမ်နှင့် နှစ်ကြိမ်တွေ့ဖူးကြောင်း၊ အိန္ဒိယလက်ရွေးစင်နှင့်

**မိမိတို့အသင်းမှာ လူငယ်အများစုနဲ့ဖွဲ့စည်းထားပြီး ကလေးတွေလည်း စိတ်ဓာတ်မြင့်မားနေ၍ အားရနေပါတယ်ဟု အဖွဲ့ခေါင်းဆောင် ဦးဝေယံအောင် ပြောကြားစဉ်။**
ဓာတ်ပုံ–စိုးညွှန့်(ကြေးမုံ)

မကစားဖူးကြောင်း၊ ဗီယက်နမ်အသင်းမှာ အသင်းလိုက် အုပ်စုဖွဲ့ကစားပြီး လျင်မြန်မှုရှိကြောင်း၊ ဂိုးများသွင်းနိုင်အောင် ကြိုးစားသွားမည် ဖြစ်ကြောင်း" ပြောကြားသည်။

ကွင်းလယ်ကစားသမားစန်းမောင်က "မိမိတို့အသင်းအနေဖြင့် အမြင့်ဆုံးမှန်းပြီး ပြိုင်ပွဲဝင်မည်ဖြစ်ကြောင်း၊ အုပ်စုအဆင့်ကျော်ရန် ခက်ခက်ခဲခဲကစားရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ကစားခွင့်ရသည့်အချိန်တိုင်း အကောင်းဆုံးဖြစ်အောင် ကြိုးစားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

အလယ်တန်းမှ မျိုးမင်းထွန်းက "အုပ်စုတွင်တွေ့ရမည့် နှစ်သင်းစလုံး လက်ရွေးစင်အသင်းများဖြစ်၍ မိမိတို့ ပိုကြိုးစားရမည်ဖြစ်ကြောင်း၊ မိမိကစားခွင့်ရသည့်အချိန်မှာ ကိုယ့်နိုင်ငံအတွက် အကောင်းဆုံးဖြစ်အောင် ကစားမည်ဖြစ်ကြောင်း၊ မိမိလူငယ်လက်ရွေးစင် ကစားသမားဘဝ၌ ရရှိခဲ့သောအောင်မြင်မှုများ ယခုလက်ရွေးစင်ကစားသမားဘဝ၌လည်း ရယူလိုကြောင်း၊ မြန်မာဘောလုံး ပရိသတ်ကြီးကိုအောင်မြင်မှုများ ရယူပေးနိုင်မည်ဟုမျှော်လင့်ကြောင်း" ပြောကြားသွားသည်။

နောက်တန်း ဘယ်တောင်ပံ ကစားသမား စိုးလင်းထွန်းက "မိမိအနေဖြင့် ပွဲတိုင်း အစွမ်းကုန် ကြိုးစားကစားမည်ဖြစ်ကြောင်း၊ ကစားဖော်များ ဂိုးရအောင်ဖန်တီးပေးမည်ဖြစ်သလို ကိုယ့်အသင်းဂိုးမပေးရအောင်လည်း ကာကွယ်သွားမည်ဖြစ်ကြောင်း၊ ဗီယက်နမ်ရော အိန္ဒိယပါ အသင်းကောင်းများဖြစ်ကြောင်း၊ အခွင့်အရေးကို အသုံးချနိုင်သည့် အသင်းကအနိုင်ရရှိမည်ဖြစ်ကြောင်း" ပြောကြားသည်။

အလယ်တန်း ကစားသမား မာလက "မိမိအနေဖြင့် အကောင်းဆုံးဖြစ်

**ပွဲဦးထွက်ဗီယက်နမ်ကို အနိုင်ရရင် အုပ်စုတက်ရန် သေချာပါတယ်ဟု အုပ်ချုပ်သူ ဦးခင်မောင်ကြိုင် ပြောကြားစဉ်။**
ဓာတ်ပုံ–စိုးညွှန့်(ကြေးမုံ)

အောင် ကြိုးစားလေ့ကျင့်ထားကြောင်း၊ အုပ်စုတွင် တွေ့မည့်နှစ်သင်းစလုံး မိမိတို့ထက်ပိုသာသော်လည်း မိမိတို့က အသင်းကြီး အသင်းငယ်မရွေး ကြိုးစားရင်နိုင်မည်ဆိုသည့် စိတ်ဓာတ်နှင့် ကစားမည် ဖြစ်ကြောင်း၊ အကောင်းဆုံးအနေအထားနှင့် အမြင့်ဆုံးရောက်အောင် ကြိုးစားကစားသွားမှာဖြစ်ကြောင်း" ပြောကြားသွားသည်။

ကွင်းလယ်ကစားသမား ဇော်ဇော်က "အုပ်စုတွင်နှစ်သင်းစလုံးကို လွယ်လွယ်နှင့် အနိုင်ရရှိရန် မလွယ်ကူဘဲ ခက်ခက်ခဲခဲ ကစားရမည်ဖြစ်ကြောင်း၊ မိမိက အလယ်တန်း ကစားသမားဖြစ်၍ ရှေ့ရော နောက်ရော အတက်၊ အဆင်း ကစားသွားမည်ဖြစ်ကြောင်း၊ တစ်သင်းသားလုံး ညီညီညွတ်ညွတ်ဖြင့် အောင်မြင်မှုရအောင် ကစားသွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

**ပွဲစဉ်များ**

အုပ်စုပွဲစဉ်၌ မြန်မာအသင်းသည် ဩဂုတ် ၂၀ ရက်၌ အိမ်ရှင် ဗီယက်နမ်အသင်း၊ ဩဂုတ် ၂၂ ရက်တွင် လက်ရှိချန်ပီယံ အိန္ဒိယအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အကြိုဗိုလ်လုပွဲကို ဩဂုတ်၂၆ ရက်နှင့် နောက်ဆုံးဗိုလ်လုပွဲကို ဩဂုတ် ၂၈ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

**သူတို့ပါဝင်**

ပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်အသင်းတွင် အဖွဲ့ခေါင်းဆောင် ဦးဝေယံအောင်၊ အုပ်ချုပ်သူ ဦးခင်မောင်ကြိုင်၊ နည်းပြချုပ် ဦးတင်ဟန်၊ လက်ထောက်နည်းပြများအဖြစ် ဦးကြည်လွင်နှင့် ဦးတင်မြင့်အောင်၊ ကစားသမားများအဖြစ် ဂိုးသမား – အောင်အောင်ဦးနှင့် ထွန်းထွန်းလင်း၊ နောက်တန်း–မင်းသူ၊ ဇော်ထက်အောင်၊ စိုးမြတ်မင်း၊ စိုးလင်းထွန်း၊ အောင်ဝင်းနိုင်၊ ဝင်းမင်းထွဋ်၊ မိုးကျော်သူ၊ အလယ်တန်း–မာလ၊ စန်းမောင်၊ ဇော်ဇော်၊ အောင်ကျော်မိုး၊ မျိုးမင်းထွန်း၊ ဘိုဘိုအောင်၊ ရှေ့တန်း–ရန်ပိုင်၊ ဇော်ထိုက်၊ ထွန်းမင်းဦးတို့ လိုက်ပါသွားကြသည်။

**အောင်မြင်မှုရရှိရေး**

**LG ဖလားပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းကို လူငယ်အများစု ပါဝင်ပြီး စိတ်ဓာတ်၊ စည်းကမ်းနှင့် ကြံ့ခိုင်မှုပါ အကောင်းဆုံး ရှိနေရာ အောင်မြင်မှုကို ရယူနိုင်မည်ဟု ယုံကြည်ပါသည်။** (ကြေးမုံ)

**တစ်သင်းသားလုံး ညီညီညွတ်ညွတ်ဖြင့်အောင်မြင်မှုရရှိအောင် ကစားသွားမည်ဖြစ်ကြောင်း ကွင်းလယ်ကစားသမား ဇော်ဇော် ပြောကြားစဉ်။** ဓာတ်ပုံ–စိုးညွှန့်(ကြေးမုံ)

**မိမိတို့အသင်း အုပ်စုတက်ရန် ပွဲဦးထွက်ဗီယက်နမ်ပွဲ၌ ရလဒ်ကောင်းရန်လိုကြောင်း တိုက်စစ်မှူး ရန်ပိုင် ပြောကြားစဉ်။**
ဓာတ်ပုံ–စိုးညွှန့်(ကြေးမုံ)

**အကောင်းဆုံး အနေအထားဖြင့် အမြင့်ဆုံးရရှိအောင် ကြိုးစားသွားမယ်ဟု မာလ ပြောကြားစဉ်။**
ဓာတ်ပုံ–စိုးညွှန့်(ကြေးမုံ)

**မိမိတို့လူငယ်လက်ရွေးစင် အားကစားသမားဘဝက အောင်မြင်မှုရရှိခဲ့သလို အောင်မြင်မှုရအောင် ကြိုးစားပါ့မယ်ဟု စိုးလင်းထွန်းက ပြောကြားစဉ်။** ဓာတ်ပုံ–စိုးညွှန့်(ကြေးမုံ)

**မိမိအနေဖြင့် အပြန်ခရီးတွင် ပရိသတ် စည်စည်ကားကားကြိုဆိုကြသည်ကို တွေ့မြင်လိုကြောင်းဟု ခံစစ်မှူးဇော်ထက်အောင် ပြောကြားစဉ်။** ဓာတ်ပုံ–စိုးညွှန့်(ကြေးမုံ)

**တိုက်စစ်မှူး ထွန်းမင်းဦးကလည်း ပရိသတ်အားပေးမှုကို အောင်မြင်မှုနှင့် ပေးဆပ်သွားပါ့မယ်ဟု ပြောကြားစဉ်။**
ဓာတ်ပုံ–စိုးညွှန့်(ကြေးမုံ)

**ပေးဂိုး နည်းသထက်နည်းအောင် အစွမ်းကုန် ကာကွယ်သွားမယ်ဟု ဂိုးသမားအောင်အောင်ဦး ပြောကြားစဉ်။**
ဓာတ်ပုံ–စိုးညွှန့်(ကြေးမုံ)

**တွေ့ရမယ့် နှစ်သင်းစလုံး အသင်းကောင်းများဖြစ်၍ အုပ်စုတက်ရန် အစွမ်းကုန် ကြိုးစားသွားမယ်ဟု တိုက်စစ်မှူးဇော်ထိုက် ပြောကြားစဉ်။**
ဓာတ်ပုံ–စိုးညွှန့်(ကြေးမုံ)

# အာဆီယံနိုင်ငံဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ တတိယအကြိမ်အစည်းအဝေးဒုတိယနေ့ဆက်လက်ကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

**သစ်တောရေးရာဝန်ကြီးဌာနနှင့် အာဆီယံအတွင်းရေးမှူးရုံးတို့ ပူးပေါင်း၍ မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်၊သစ်ပင်ပန်းမန်များ နိုင်ငံတကာ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကွန်ဗင်းရှင်း (CITES)၏ အာဆီယံနိုင်ငံဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ တတိယအကြိမ်မြောက် အစည်းအဝေး အစီအစဉ်များကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ယနေ့ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။**

အစည်းအဝေးတွင် သဘာပတိအဖြစ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်နှင့် ဒုတိယသဘာပတိအဖြစ် ဖိလစ်ပိုင်သမ္မတနိုင်ငံမှ Ms. Atty Annalizar A. Vitug တို့က ဆောင်ရွက်ကြပြီး ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ၂၀၀၄ခုနှစ် အောက်တိုဘာလအတွင်း ကျင်းပမည့် တောရိုင်းတိရစ္ဆာန်များနှင့် သစ်ပင်၊ ပန်းမန်များ နိုင်ငံတကာ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကွန်ဗင်းရှင်း (CITES) အဖွဲ့ဝင်နိုင်ငံများ၏ (၁၃)ကြိမ်မြောက် အစည်းအဝေး၌ အာဆီယံနိုင်ငံများက တင်ပြမည့် တောရိုင်းတိရစ္ဆာန်များ၊ သစ်ပင်၊ပန်းမန်များနှင့် ပတ်သက်သော တားမြစ်ကန့်သတ်မှုများဆိုင်ရာအဆိုပြုလွှာ၁၂စောင်နှင့် ပတ်သက်၍ အာဆီယံနိုင်ငံများ၏ သဘောထားကို ဆွေးနွေးညှိနှိုင်းကြသည်။ (သတင်းစဉ်)

**သစ်တောရေးရာဝန်ကြီးဌာနနှင့် အာဆီယံ အတွင်းရေးမှူးရုံးတို့ ပူးပေါင်းကျင်းပသည့် မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကွန်ဗင်းရှင်း၏ အာဆီယံနိုင်ငံများဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ တတိယ အကြိမ်မြောက်အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပစဉ်။** (သတင်းစဉ်)

## ဆဲဗင်းဒေးနယူးစ်ဂျာနယ် အတွဲ(၃)၊အမှတ်(၂၂)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၈

မုံရွာကြေးနီစီမံကိန်းထုတ်လုပ်မှုများ တိုးတက် လေးနှစ်အတွင်း အာရှ၏ အကြီးဆုံး ထုတ်လုပ်သူအဆင့် ရောက်မည်၊ မျက်စိရေတိမ်ရောဂါကို အခြေအနေမဆိုးမီ နှစ်(၂၀) ကြိုသိနိုင်ပြီ၊ ရေလှောင်ပမာဏနှင့် ရေဆင်းဧရိယာကြီးသော ဆည်ကြီးအချို့၌ ရေကြီးနိုင်သည့်အခြေအနေ ကြိုတင်အသိပေး စက်တပ်ဆင်ကာကွယ်ရန် စီစဉ် စသည့် ပြည်တွင်းရေးရာ မျက်မှောက်သတင်း ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ထိပ်ပိုင်းလုပ်ကြံမှုဖြင့် အယ်လ်ကေးဒါးက အမေရိကန်ရွေးကောက်ပွဲကို နှောင့်ယှက်မည်ဆို၊ လက်ကိုင်ဖုန်းရမှုကြောင့် ဆယ်ကျော်သက်များ ရာဇဝတ်မှုကြီးထွား၊ ရေဘောလုံးတိုက်ပွဲကြီး ဂျာမန်ချာတိတ်များ ဆင်နွှဲစသည့် နိုင်ငံတကာ ရေးရာသတင်းဆောင်းပါး စုံလင်စွာကို e-Empire Media House ဖုန်း-၇၀၃၈၁၃ က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (က-ပ)

## လူမှုရေးကူညီမှုအသင်းသို့ အလှူငွေများလှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၁၈

ကောလင်းမြို့ လူမှုရေးကူညီစောင့်ရှောက်မှုအသင်းသို့ အဝေးရောက် ကောလင်းမြို့နယ်သူ၊ မြို့နယ်သားများ သာမက စေတနာရှင်ကုသိုလ်ရှင်များ ပူးပေါင်းပါဝင် ကုသိုလ်ယူလိုပါက ဒေါက်တာဦးတင့်ဝေ ဥက္ကဋ္ဌ ဖုန်း-၅၅၊ ဦးကျော်လွင် အတွင်းရေးမှူး ဖုန်း-၁၇၈၊၂၄၁၊ ဒေါက်တာခင်သောင်း ဘဏ္ဍာရေးမှူး ဖုန်း-၁၁၂ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

**ဩဂုတ်၁၂ရက်က ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အထက(ခွဲ) အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအဖြစ် အသင်းငါးသင်း၏ ကျန်းမာရေးပညာပေး နံရံကပ်ပန်းချီ၊ပိုစတာ၊စာစောင်ပြပွဲ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးတင်မောင်ဦး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယုယုတင်နှင့် ဆရာ၊ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများ ကြည့်ရှုကြစဉ်။** (က-ပ)

**ဩဂုတ်၈ရက်က အမှတ်(၁၀) သီရိတနာလမ်း ဝါဆိုရပ်ကွက် ဒေါပုံမြို့နယ်နေ ဦးစောမောင်-ဒေါ်ခင်အိမိသားစုက မောင်အောင်နိုင်စောနှင့် မောင်အောင်မိုးစောတို့၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ဗိုဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူတော်ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံဒုတိယအုပ်ချုပ်ရေးမှူး ဦးသန်းအောင် လက်ခံယူစဉ်။** (က-ပ)

# မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၏ နှစ်လည်အစည်းအဝေး(၂/၂)ကို ရန်ကုန်မြို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဦးစီးဌာန အမျိုးသားပြတိုက် ဘက်စုံခန်းမကြီးတွင် ဩဂုတ် ၁၄ရက်က ကျင်းပရာ သဘာပတိ အသင်းဥက္ကဋ္ဌ ဦးခင်မောင်တင်က အဖွင့်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို အထွေထွေအတွင်းရေးမှူး ဦးသိန်းရွှေကလည်းကောင်း၊ ဘဏ္ဍာရေး အစီရင်ခံစာကို ဦးချိုအေးကလည်းကောင်း၊ စာရင်းစစ် အစီရင်ခံစာကို ဒေါ်မိမိကလည်းကောင်း ဖတ်ကြားတင်ပြပြီး အတည်ပြုချက် ရယူသည်။

ဒုတိယပိုင်း အစီအစဉ် အဖြစ် စာတမ်းများ ဖတ်ကြားရာ သဘာပတိအဖြစ် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်နှင့် သုတပညာဌာန ပါမောက္ခ ဦးသိန်းလွင်က ဆောင်ရွက်ပြီး "Myanmar National Library Management System Software" စာတမ်းကို အမျိုးသားစာကြည့်တိုက် ညွှန်ကြားရေးမှူး ဦးကျော်ဦးကလည်းကောင်း၊ "Myanmar e-book အခြေအနေ" စာတမ်းကို ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်စာကြည့်တိုက်မှူး ဒေါ်နီနီအေးကလည်းကောင်း ဖတ်ကြားတင်သွင်းရာတက်ရောက်သူများက စာတမ်းများအပေါ် ပါဝင်ဆွေးနွေးကြသည်။ (ဇ၇)

## အာဟာရကျွေးမွေးလှူဒါန်း

**ဗဟန်းမြို့နယ် အမက (၁၄) ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအဖြစ် ဩဂုတ်၁၁ရက်က ပထမတန်းမှ မပိုင်သိမ့်သိမ့်နွေးက မွေးနေ့အလှူအဖြစ် ကျောင်းသား၊ ကျောင်းသူများအား အာဟာရကျွေးမွေးလှူဒါန်းစဉ်။** (က-ပ)



# မေတ္တာသုတ်တော်ကျင့်စဉ် သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၈

ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်တွင် မေတ္တာသုတ်တော်ကျင့်စဉ် သင်တန်းကို ဩဂုတ် ၂၃ ရက် (တနင်္လာ)နေ့ နံနက် ၇ နာရီတွင် စတင်ဖွင့်လှစ်၍ နေ့စဉ် နံနက် ၇ နာရီခွဲမှ ၈ နာရီခွဲအထိ ငါးရက် ဖွင့်လှစ်မည်ဟု သိရသည်။ (က-ပ)

# အဘိဓမ္မာအခါတော်နေ့ ကျူးရင့်သံများ ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးက သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ရွတ်ဆိုပူဇော်ရမည့် အဘိဓမ္မာခုနစ်ကျမ်း ပါဠိတော်ကောက်နုတ်ချက်များနှင့် အဘိဓမ္မာအခါတော်နေ့ ကျူးရင့်သံစာအုပ်များကို ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တို့ရှိ အဘိဓမ္မာပြန့်ပွားရေးအသင်းခွဲများ၊ ဝတ်အသင်းအဖွဲ့များသို့ ပေးပို့ပြီးဖြစ်ရာ မိမိတို့နှင့် သက်ဆိုင်သည့် မြို့နယ်ဆက်သွယ်ရေးစခန်းများတွင် ဆက်သွယ်ရယူကြပါရန် နှိုးဆော်ထားသည်။ (က-ပ)

# အထက(၃)ဗိုလ်တထောင် ပဉ္စမအကြိမ်အာစရိယပူဇော်မည်

ရန်ကုန် ဩဂုတ် ၁၈

ရေကျော်အစိုးရအထက်တန်းကျောင်း(အထက-၃၊ဗိုလ်တထောင်)တွင် ပညာသင်ကြားပေးသည့် ဆရာ၊ဆရာမဟောင်းများအား ကျောင်းသားဟောင်းများက စုပေါင်း၍ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာလ နောက်ဆုံးရက်သတ္တပတ်တွင် အထက(၃) ဗိုလ်တထောင်ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

**ဆက်သွယ်နိုင်**

ပူဇော်ခံ ဆရာ၊ ဆရာမများ၏ မှတ်တမ်းစာအုပ်၊ ရာပြည့်အကြိုမဂ္ဂဇင်းနှင့် စာစောင်တို့ကို ထုတ်ဝေသွားမည်။ ၁၉၈၀ ပြည့်နှစ်အထိ သင်ကြားပေးခဲ့သော အသက် (၆၀)ပြည့်မြောက်ပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားဟောင်းများသည် ဖုန်း-၀၅၆-၂၁၅၅၁၊ ၇၀၃၂၂၀၊ ၂၀၂၃၇၇၊ ၅၇၁၁၃၄၊၅၇၂၃၅၂၊ ဦးလှိုင်မြင့် ဖုန်း-၂၄၅၈၇၁၊ ၅၇၉၃၁၉၊ ၂၉၄၁၁၀၊၂၀၁ တို့နှင့် ဆက်သွယ်နိုင်သည်။ (သတင်းစဉ်)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၈-၈-၂၀၀၄)

ပဲခူး
၆၃သမ၁၀လက်မ

ရန်ကုန်မြို့လယ်
၂၁သမ၆၀လက်မ

ရန်ကုန်(မင်္ဂလာဒုံ)
၂၁သမ၄၈လက်မ

ရန်ကုန်(ကမ္ဘာအေး)
၂၁သမ၄၄လက်မ

ကျောက်ဖြူ
၂၁သမ၄၄လက်မ



## အကြိမ်(၉၀)မြောက် သွေးလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၈

ကြည့်မြင်တိုင်မြို့နယ် သာဓုပရိယတ္တိစာသင်တိုက် ဓာတ်မီးပူဇော်ရေးနှင့် ဝေယျာဝစ္စအသင်း အတွင်းရေးမှူး၊ လက်ခုပ်ကျောင်းတိုက် လောကမာရ်အောင် စေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးစိုးမြင့်(လူမှုထူးချွန်ပထမဆင့်) ခန္ဓာကိုယ် အလှူရှင်သည် ဗဟိုအမျိုးသား သွေးလှူဘဏ်၌ ဇူလိုင် ၇ရက်က အကြိမ်(၉၀)မြောက် သွေးလှူဒါန်းခဲ့သည်။ **(အပေါ်ပုံ)** (က-ပ)

## ပဲခူးမြစ်ရေ စိုးရိမ်ရေမှတ်ရောက်နိုင်

ရန်ကုန် ဩဂုတ် ၁၈

**ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယနေ့ မွန်းတည့်မှ နောက် ၂၄နာရီအတွင်း စင်တီမီတာ ၃၀ (တစ်ပေခန့်) မြင့်တက်လာနိုင်ပြီး စိုးရိမ်ရေမှတ် စင်တီမီတာ ၉၁၀ သို့ ရောက်ရှိနိုင်သည်။**

# ၂၀၀၄-၂၀၀၅ ပရီမီယာလိဂ် ပွဲစဉ်(၂)

# ပရီမီယာလိဂ်ပွဲစဉ်များ အကြိတ်အနယ်ရှိနိုင်

ဂမ်ဆိုင်း

ပရီမီယာလိဂ်၏ ပြိုင်ပွဲအစသည် အကြိတ်အနယ်ရှိလှသည်။ ၁၀ ပွဲတွင် ခြောက်ပွဲသရေကျသည်။ လေးပွဲသာ အရှုံးအနိုင် အဖြေထွက်ခဲ့သည်။ ယမန်နှစ် ပရီမီယာလိဂ်၏ ပွဲဦးထွက်ပွဲစဉ်များတွင် နှစ်ပွဲသာ သရေကျပြီး ကျန်ပွဲစဉ်များမှာ အရှုံးအနိုင်ဖြစ်ခဲ့သည်။ ထို့ကြောင့် ယခုနှစ် ပရီမီယာလိဂ်သည် ယမန်နှစ်ထက် ပိုမိုအကြိတ်အနယ်ရှိလာနိုင်သည့်လက္ခဏာဟု ဆိုနိုင်ပေသည်။

ပွဲစဉ်(၂)ကို ဩဂုတ် ၂၁ ၊ ၂၂ ရက်နေ့များတွင် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

**ဩဂုတ် ၂၁ ရက်**

**စနေနေ့ပွဲစဉ်များ**

**ဘာမင်ဂမ်-ချဲလ်ဆီး**

**မြန်မာစံတော်ချိန် ည ၈း၃၀ နာရီ**

ယမန်နှစ် အဆင့်(၁၀) ရရှိထားသော ဘာမင်ဂမ်နှင့် အဆင့်(၂) ချဲလ်ဆီးတို့ ကစားကြမည်။ ဘာမင်ဂမ်က အိမ်ရှင်အဖြစ် လက်ခံကစားမည်။

ပို့စ်မောက်နှင့်ပွဲတွင် ဘာမင်ဂမ် ခြေအသာဖြင့် ကစားနိုင်သည်။ ကွင်းလယ်ကစားပုံကောင်းသည်။ အချိတ်အဆက်မိသည်။ အဆုံးသတ်ပုံ အံချော်နေသည်မှလွဲ၍ အားလုံးကောင်းသည်။ မန်ယူနှင့်ပွဲတွင် ချဲလ်ဆီးကစားပုံ မြန်ဆန်သွက်လက်သည်။ အချိတ်အဆက် အနည်းငယ်လွဲနေသေးသည်။ ကစားကွက်ကောင်းသည်။ ယမန်နှစ်ကထက် ခံစစ်ပိုင်း ပိုတောင့်လာသည်။ ကွင်းလယ်စကားကွက် မပီပြင်သေးသည်ကို တွေ့ရသည်။

လက်ရှိအနေအထားအရ ခြေရည်မတိမ်းမယိမ်းရှိသည်။ သို့သော် ချဲလ်ဆီးက သာသည်။ မနှစ်က နှစ်ကျော့စလုံး ဂိုးမရှိ သရေဖြစ်ခဲ့သည်။ ဘာမင်ဂမ်က အိမ်ကွင်းမာသောကြောင့် ချဲလ်ဆီး တော်တော်ကစားယူရမည်။ သရေနှင့် အနိုင် ဗြေ့သည်ချဲလ်ဆီး ရနိုင်သည်။

**ချာလ်တန်-ပို့စ်မောက်**

**မြန်မာစံတော်ချိန် ည ၈း၃၀ နာရီ**

ယမန်နှစ်က အဆင့်(၇)ရထားသော ချာလ်တန်နှင့် အဆင့်(၁၃) ပို့စ်မောက်တို့ ကစားကြမည်။ ချာလ်တန်က အိမ်ရှင်အဖြစ် ကစားရမည်။

ဘောလ်တန်နှင့်ပွဲတွင် ချာလ်တန် ကစားပုံညံ့သည်။ အထူးသဖြင့် နောက်တန်း ဟာလွန်းသည်။ ပို့စ်မောက်က ဘာမင်ဂမ်ကို အောက်မှ လိုက်ကစားရသော်လည်း ခြေရည်ကောင်းသည်ဟု ပြော၍ရသည်။ ကစားခဲ့သော ခြေစွမ်းအရ ပို့စ်မောက်က ခြေသာသည်။

သို့သော် နှစ်သင်းခြေရည်က အတူတူလောက်ရှိသည်။ ချာလ်တန်က အိမ်ရှင်အားဖြင့် နိုင်အောင်ကစား ဖွယ်ရှိသည်။ အနည်းဆုံး သရေရနိုင်သည်။

**ခရစ္စတယ်ပဲလေ့စ်-အဲဗာတန်**

**မြန်မာစံတော်ချိန် ၈း၃၀ နာရီ**

ယခုနှစ်မှ အဆင့်မြင့်တန်း တက်လာသော ခရစ္စတယ်ပဲလေ့စ်နှင့် ယမန်နှစ် အဆင့်(၁၇)ရသော အဲဗာတန်တို့ ကစားကြမည်။ ခရစ္စတယ်ပဲလေ့စ် ကွင်းမှာ ကစားရမည်။

အတန်းတက်ချင်း ကစားသည့်ပွဲတွင် ခရစ္စတယ်ပဲလေ့စ်အသင်းသည် ခြေစွမ်းမပြနိုင်ချေ။ နော့ဝစ်(ချ်) အသင်းအောက်မှ လိုက်ကစားခဲ့ရသည်။ ၎င်းခြေစွမ်းအရဆိုလျှင် အဲဗာတန်ကို အနိုင်ရအောင်ကန်ဖို့ ခက်လိမ့် မည်။ အဲဗာတန်သည် အာဆင်နယ်နှင့်ပွဲ၌ ခြေစွမ်းမကောင်းသော်လည်း ကစားပုံသင့်သည်။

နှစ်သင်းခြေရည်ယှဉ်လျှင် အဲဗာတန်ကသာသည်။ ခရစ္စတယ်ပဲလေ့စ်သည် အိမ်ရှင်အားဖြင့် တောင့်ခံ ကစားဖွယ်ရှိသည်။ မည်သို့ပင်ဖြစ်စေ အဲဗာတန်သည် ယခုပွဲကို သရေနှင့် အနိုင်ရအောင် ကစားဖွယ်ရှိသည်။

**ဖူလ်ဟမ်-ဘောလ်တန်**

**မြန်မာစံတော်ချိန် ၈း၃၀ နာရီ**

ယမန်နှစ် အဆင့်(၉)ရသော ဖူလ်ဟမ်နှင့် အဆင့်(၈) ဘောလ်တန်တို့ ကစားကြမည်။ ဖူလ်ဟမ်က အိမ်ရှင်အဖြစ် ကစားရမည်။

မန်စီးတီးနှင့်ပွဲတွင် ဖူလ်ဟမ်၏ ဒုတိယပိုင်း ကစားပုံကောင်းသည်။ ကွင်းလယ်ကစားပုံ ကောင်းသော်လည်း ရှေ့တန်းဂိုးသွင်းမည့်သူ မဲ့နေသည်။ အင်ဒီကိုးလ်လည်း ဂိုးသွင်းခြေ ပျောက်နေသည်။ ၎င်းပုံစံအတိုင်း ဘောလ်တန်နှင့် ကစားမည်ဆိုလျှင် အနိုင်ရရန် ခက်လိမ့်မည်။ ချာလ်တန်နှင့် ကစားသော ဘောလ်တန် ခြေရည်သည် တော်တော်ကောင်းသည်။

အမှန်တကယ်တော့ နှစ်သင်းစလုံး၏ ခြေရည်သည် တန်းတူလောက်ရှိသည်။ မနှစ်က ဖူလ်ဟမ်က နှစ်ကျော့စလုံး နိုင်ခဲ့သည်။ အဖွင့်ပွဲ ခြေစွမ်းအရ ဘောလ်တန် ကောင်းသည်။ အကယ်၍ အိမ်ကွင်း၌ အင်ဒီကိုးလ်၊ မဲလ်ဘရန့်၊ ကောလင်းဂျွန်တို့ အတွဲမိလိုက်လျှင် ဖူလ်ဟမ် အနိုင်ရဖွယ်ရှိသည်။ ဘောလ်တန်က သရေဆိုလျှင် ကျေနပ်ပေလိမ့်မည်။

**လီဗာပူးလ်-မန်စီးတီး**

**မြန်မာစံတော်ချိန် ည ၈း၃၀ နာရီ**

ယမန်နှစ် အဆင့်(၄)ရသော လီဗာပူးလ်နှင့် အဆင့်(၁၆) မန်စီးတီးတို့ ကစားကြမည်။ လီဗာပူးလ်ကွင်းမှာ ကစားရမည်။

စပါး(စ်)နှင့် ကစားသောပွဲ၌ လီဗာပူးလ် ပထမပိုင်း ကစားပုံကောင်းသည်။ ယမန်နှစ် ကစားပုံနှင့် မူကွဲသည်။ ကွင်းလယ်ကစားကွက် ကောင်းသည်။ အိုဝင် မရှိသော်လည်း လူသစ်များက တစ်ဖက်နောက်တန်းကို ခြိမ်းခြောက်နိုင်သည်။ မန်စီးတီးကလည်း ဖူလ်ဟမ်နှင့်ပွဲတွင် မနှစ်က ခြေစွမ်းအတိုင်း ကစားသွားသည်။ မန်စီးတီးသည် ကစားလျှင် ကစားသလောက် ကောင်းသော အသင်းဖြစ်သည်။

ပွဲထွက်ခြေစွမ်းအရ နှစ်သင်း မတိမ်းမယိမ်းရှိသည်။ အကြိတ်အနယ်ဖြစ်နိုင်သည်။ သို့သော် လီဗာပူးလ်၏ ကစားပုံ ကောင်းမွန်လာသောကြောင့် မန်စီးတီးထက် သာလျက်ရှိသည်။ မနှစ်က တစ်ပွဲသရေကျပြီး တစ်ပွဲ လီဗာပူးလ် နိုင်ခဲ့သည်။ အိမ်ရှင် အနိုင်ရနိုင်သောပွဲဖြစ်သည်။

**မန်ယူ-နော့ဝစ်(ချ်)**

**မြန်မာစံတော်ချိန် ည ၁၀း၄၅ မိနစ်**

ယမန်နှစ်က အဆင့်(၃) ရထားသော မန်ယူနှင့် အတန်းတက်လာသည့် နော့ဝစ်(ချ်)တို့ ကစားမည်။ မန်ယူ၏ကွင်းမှာ ကစားရမည်။

ချဲလ်ဆီးနှင့်ပွဲ၌ မန်ယူ၏ ဒုတိယပိုင်း ကစားပုံကောင်းသည်။ ဂိုးသွင်းခွင့် အကြိမ်ကြိမ်ရသည်။ ကွင်းလယ်ကစားပုံ ညက်သည်။ မနှစ်ကထက် ပို၍ သွက်လက်မြန်ဆန်လာသည်။ ခရစ္စတယ်ပဲလေ့စ်နှင့်ပွဲအရ နော့ဝစ်(ချ်) ခြေရည် သင့်သည်။ သို့သော် မန်ယူအသင်းနှင့် ယှဉ်လိုက်လျှင် များစွာကွာလျက်ရှိသည်။

မန်ယူသည် အိမ်ရှင်အဖြစ်လည်း ကစားရမည်။ လူအား၊ ကစားပုံ၊ ကစားကွက်မှအစ နော့ဝစ်(ချ်)ထက်သာသည်။ ထို့ကြောင့် မန်ယူသည် ယခုပွဲတွင် အမှတ် သုံးမှတ်ရအောင် ယူမည်ဖြစ်သည်။

**နယူးကာဆယ်-စပါး(စ်)**

**မြန်မာစံတော်ချိန် ၈း၃၀ နာရီ**

ယမန်နှစ် အဆင့်(၅) ရထားသော နယူးကာဆယ်နှင့် အဆင့် (၄) စပါး(စ်)တို့ ကစားကြမည်။ နယူးကာဆယ်ကွင်းတွင် ကစားမည်။

နယူးကာဆယ်သည် အဖွင့်ပွဲမှာ ခြေစွမ်းပြ ကစားနိုင်သည်။ ရှေ့တန်း၊ နောက်တန်း၊ အလယ်တန်း အချိတ်အဆက်မိမိ၊ ဟန်ချက်ညီညီဖြင့် ကစားသွားသည်။ ၎င်းခြေစွမ်းအတိုင်း ကစားသွားနိုင်လျှင် စပါး(စ်)နှင့်ပွဲသည် အကြိတ်အနယ်ရှိမည်။ လီဗာပူးလ်နှင့်ပွဲတွင် စပါး(စ်) ခြေစွမ်းထက်သည်။ အထူးသဖြင့် ဒုတိယပိုင်းတွင် စပါး(စ်)သည် ကစားပုံနည်းပရိယာယ်ကို ပြောင်းလဲကစားနိုင်သည်။ သို့ဖြစ်၍ နှစ်သင်းစလုံး၏ကစားပုံ ကောင်းသောကြောင့် ပွဲမှာ ကြည့်၍ကောင်းမည်။

ယမန်နှစ်က သူတစ်ပွဲ၊ ကိုယ်တစ်ပွဲ နိုင်ကြသည်။ စပါး(စ်)သည် လျှော့တွက်၍ မရသောအသင်းဖြစ်သည်။ စိတ်မထင်လျှင် ခံကန်တတ်သည်။ နယူးကာဆယ်မှာ အိမ်ရှင်ဆိုသော အားသာချက်ရှိသည်။ နယူးကာဆယ် နိုင်မည်မှန်းသော်လည်း သရေကိုလည်း တွက်ထားသင့်သည်။

**ဆောက်သမ်တန်-ဘလက်ဘန်း**

**မြန်မာစံတော်ချိန် ည ၆း၁၅ နာရီ**

ယမန်နှစ်က အဆင့်(၁၂) ရထားသော စိန့်နှင့် အဆင့်(၁၅) ဘလက်ဘန်းတို့ ကစားကြမည်။ စိန့်ကွင်းမှာ ကစားမည်။

ပွဲဦးတွင် စိန့်သည် ဗီလာကို ရှုံးသည်။ စိန့်အသင်းမှာ အားထားရသော ကစားသမားများ မပါဝင်နိုင်သည့်အတွက် ရှေ့တန်းနှင့် နောက်တန်းတို့တွင် အားပျော့နေသည်။ ဒုတိယပိုင်းမှ ဗီလာကို အကြိတ်အနယ် ပြန်ကစားနိုင်သည်။ သို့သော် စိန့်နှင့် ကစားမည့် ဘလက်ဘန်းကလည်း ဝက်စ်ဘရွန်းနှင့်ပွဲတွင် ခပ်ညံ့ညံ့ထွက်ခဲ့သည်။ သို့သော် ဒုတိယပိုင်းမှ ဘလက်ဘန်းသည် ဝက်စ်ဘရွန်းကို အထက်စီးမှ ပြန်ကစားလာနိုင်သည်။

နှစ်သင်းစလုံး၏ ခြေမှန်အနေအထားကို ချိန်ထိုးကြည့်လျှင် မတိမ်းမယိမ်း ရှိသည်။ မနှစ်က တစ်ပွဲသရေကျပြီး စိန့်တစ်ပွဲနိုင်သည်။ စိန့်အားပျော့နေသည်မှာ မှန်သည်။ အိမ်ကွင်းမှာ အားထည့်ကစားလာနိုင်ဖွယ်ရှိသည်။ သရေနှင့် အနိုင် စိန့်ရအောင် ကစားလိမ့်မည်။

**ဩဂုတ် ၂၂ ရက်**

**တနင်္ဂနွေနေ့ ပွဲစဉ်များ**

**ဝက်စ်ဘရွန်း-ဗီလာ**

**မြန်မာစံတော်ချိန် ညနေ ၆း၃၀ နာရီ**

ယခုနှစ်မှ အတန်းတက်လာသော ဝက်စ်ဘရွန်းနှင့် ယမန်နှစ် အဆင့်(၆) ရထားသော အက်စတွန်ဗီလာတို့ ကစားကြမည်။ ဝက်စ်ဘရွန်းကွင်းမှာ ကစားရမည်။

ဘလက်ဘန်းနှင့် ကစားသော ဝက်စ်ဘရွန်းခြေကိုကြည့်လျှင် အဆိပ်ရှိသော မြွေတစ်ကောင်ဟု ကောက်ချက်ဆွဲ၍ရသည်။ လူသစ်ခုနစ်ယောက်လောက် အားဖြည့်ထားသော ဝက်စ်ဘရွန်းသည် ဗီလာကို ဒုက္ခပေးနိုင်သည်။ ဝက်စ် ဘရွန်းမှာ အာဆင်နယ် ကစားသမားဟောင်း ကနူ ဦးဆောင်ကစားလျက်ရှိသည်။ ဗီလာက ဖွင့်ပွဲမှာ ခြေစွမ်းထုတ်ပြနိုင်သည်။ မနှစ်ကထက် ပိုမိုအားတောင့်လာသည့် ဗီလာက ခြေသာသည်။ ကစားပုံလည်း ငြိမ်သည်။

အထက်မှာ ပြောခဲ့သလိုပင် ဝက်စ်ဘရွန်းသည် လူသစ်များဖြင့် အားဖြည့်ထားသော အသင်းဖြစ်သည်။ အိမ်ကွင်းအဖြစ် ကစားရမှာဖြစ်သည်။ ထို့ကြောင့် ဝက်စ်ဘရွန်းအနေဖြင့် အနိုင်မဟုတ်သည့်တိုင် သရေရအောင် ကစားဖွယ်ရှိသည်။ သရေဖြစ်သွားနိုင်သည်။

**အာဆင်နယ်-မစ်ဒယ်ဘရော့**

**မြန်မာစံတော်ချိန် ည ၉း၃၅ နာရီ**

ယမန်နှစ်က အဆင့်(၁) ရထားသော အာဆင်နယ်နှင့် အဆင့်(၁၁) မစ်ဒယ်ဘရော့တို့ ကစားကြမည်။ အာဆင်နယ်က အိမ်ရှင်အဖြစ် လက်ခံ ကစားမည်။

အာဆင်နယ်သည် လက်ရှိချန်ပီယံပီပီ ပွဲဦးထွက်မှာ သိက္ခာရှိရှိဖြင့် ထွက်ခဲ့သည်။ ကစားရှိန်သည် မနှစ်ကထက် အနည်းငယ်မြန်လာသည်။ တိုက်စစ် ခံစစ် ဟန်ချက်ညီသည်။ နယူးကာဆယ်နှင့်ပွဲတွင် ဘိုရိုကစားပုံ ကောင်းသည်။ သို့သော် ဘိုရို၏ အားထားရသည့် ကစားသမား အပြည့်အစုံ ပါဝင်မကစားနိုင်ဘဲရှိသည်။ ပွဲဦးထွက်ပွဲများခြေအရ အာဆင်နယ်က ဘိုရိုထက် ပို၍ကောင်းသည်။ အစစအရာရာ သာသည်။

မနှစ်က နှစ်ပွဲစလုံး အာဆင်နယ်က ဂိုးပြတ်ဖြင့်နိုင်သည်။ ပထမပွဲမှာ လေးဂိုး-ဂိုးမရှိ။ ဒုတိယအကျော့မှာ လေး-တစ် ဖြစ်သည်။ ယခုနှစ်တွင် ထိုမျှ ဂိုးပြတ်လိမ့်မည်မဟုတ်။ အာဆင်နယ် အပေါ်စီးမှ စိတ်ကြိုက်ကစားမည့် ပွဲဖြစ်သည်။ ။

## စစ်ကိုင်းတိုင်းဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေး မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်အားပေး

**ရန်ကုန် ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့တို့ ကြီးမှူးကျင်းပသည့် ၂၀၀၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက မုံရွာမြို့ ဗောဓိတစ်ထောင် ပတ်ဝန်းကျင်၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမှူး၏ ဇနီး ဒေါ်ဝေဝေခိုင်၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

အစီအစဉ်အရ တိုင်းအမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်နုနုဝင်းက သစ်ပင်စိုက်ပျိုးပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် ဇနီးတို့က ဩရေးရှားပင်ကို စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများ၏ မယ်ဇလီ ၁၀၀၀၊ ဩရေးရှား ၁၀၀၀၊ ကုက္ကို ၁၀၀၀ နှင့် ယူကလစ် ၂၀၀၀ စုစုပေါင်းသစ်ပင် ၅၀၀၀ ကို တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဗောဓိတစ်ထောင် ဆရာတော်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို၍ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ကြည့်ရှုစစ်ဆေး**

ထိုမှတစ်ဆင့် တိုင်းမှူးသည် ပြည်ထောင်စုလမ်းမကြီး ဖောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူး ဦးခင်မောင်တင့်က ပြည်ထောင်စုလမ်း အပိုင်း(၃) ဖောက်လုပ်နေမှု အခြေအနေကိုလည်းကောင်း၊ တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေက ပြည်ထောင်စုလမ်း အပိုင်း(၂) ဖောက်လုပ်မှု အခြေအနေကိုလည်းကောင်း အသီးသီး ရှင်းလင်း တင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားညှိနှိုင်း ဆောင်ရွက်ပေး၍ လုပ်ငန်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ (သတင်းစဉ်)

## ဘုရားဖြူ ဝိနည်းစာပြန်ပွဲ ဝင်ခွင့်ပုံစံထုတ်ယူနိုင်

**ရန်ကုန် ဩဂုတ် ၁၈**

ဩဝါဒါစရိယဆရာတော်ကြီးများ ကြီးမှူးကျင်းပသော ရန်ကုန်မြို့လုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းကြီး၏ (၇၃)ကြိမ်မြောက် ဘုရားဖြူ ဝိနည်းစာပြန်ပွဲတွင် ဝင်ရောက်ဖြေဆိုကြမည့် ရန်ကုန်တိုင်းအတွင်း ဝါကပ်တော်မူကြသော သံဃာတော်များ၊ ရှင်သာမဏေများသည် မူလတန်း၊ အငယ်တန်း၊ အကြီးတန်း၊ စာချတန်းဝင်ခွင့်လျှောက်လွှာပုံစံများကို (ဝါခေါင်လဆန်း ၄ရက်) ဩဂုတ် ၁၉ရက်မှစ၍ (ဝါခေါင်လကွယ်နေ့) စက်တင်ဘာ ၁၃ရက်အထိ ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်ရှိ အသင်းရုံးခန်းတွင် မွန်းလွဲ ၁နာရီမှ ညနေ ၅နာရီအတွင်း လာရောက်ထုတ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။ (က-ပ)

## ပေးအပ်

**ဇူလိုင် ၂၈ ရက်က ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် စစ်ကုန်းကျေးရွာအုပ်စု အတွင်းရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသား စိစစ်ရေး ကတ်ပြားပေးအပ်ပွဲ အခမ်းအနားတွင် မြို့နယ်ဦးစီးဌာနမှူး ဦးခင်မောင်ဝင်းက စစ်ကုန်းအုပ်စု ဥက္ကဋ္ဌ ဦးဝင်းကြည်ထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။** (က-ပ)

## ကတ္တရာ ထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**ဒေးဒရဲ ဩဂုတ် ၁၈**

ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်တော်သာ လမ်းတစ်လျှောက် ကတ္တရာထပ်ပိုးလွှာတင်ခြင်း လုပ်ငန်းအတွက် ကျောက်စုဆောင်းခြင်းလုပ်ငန်းအား တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဝင်းထွဋ်နှင့် အဖွဲ့က ဇူလိုင် ၂၀ရက်က ဆောင်ရွက်ကြရာ အမှူဆောင် အရာရှိ ဦးသက်အောင်ကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**



# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
# ပြန်ကြားရေးဝန်ကြီးဌာန
# သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
# အမှတ် ၂၁၂၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့

## လျှောက်လွှာခေါ်ယူခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း The New Light of Myanmar သတင်းစာတိုက်တွင် အငယ်တန်းသတင်းထောက် (သို့မဟုတ်) စာပေလက်ထောက်-၂ (လစာနှုန်းကျပ် ၅၄၀၀-၁၀၀-၅၉၀၀) ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းနှင့်ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် အင်္ဂလိပ်စာကို ဂုဏ်ထူးဖြင့် အောင်မြင်သူများ (သို့မဟုတ်)အင်္ဂလိပ်ဘာသာအဓိကဖြင့် တက္ကသိုလ်တက်ရောက်နေသူများ(နေ့ပိုင်း) သို့မဟုတ် အင်္ဂလိပ်စာ အရေး၊အဖတ်၊အပြောကျွမ်းကျင်ပြီး တက္ကသိုလ်တစ်ခုခု(နေ့ပိုင်း) တွင် တက်ရောက်နေသူများ
(ဂ) နေ့/ည တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ အထက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများအား အောက်ပါအကျိုးခံစားခွင့်များ ခွင့်ပြုမည်-
(က) တက္ကသိုလ်(နေ့ပိုင်း)သို့ တက်ရောက်ခွင့်ပြုပြီး ကျောင်းပြီးသည်အထိ လစာကျပ် ၄၈၀၀ိ/-ကို လစဉ်ခံစားခွင့်ပြုမည်။
(ခ) ကျောင်းတက်နေစဉ်ကာလအတွင်း လိုအပ်သလို ကူညီထောက်ပံ့ပေးမည်။
(ဂ) စာမေးပွဲကျရှုံးပါက ထောက်ပံ့ကြေးအားလုံးကို ပြန်လည်ပေးလျော်ရမည်။
(ဃ) ကျောင်းပြီးပါက အငယ်တန်းသတင်းထောက်(သို့မဟုတ်)စာပေလက်ထောက်-၂ (လစာနှုန်းကျပ်၅၄၀၀-၁၀၀-၅၉၀၀)ရာထူးတွင်ခန့်ထားမည်။
(င) အနည်းဆုံးလုပ်သက် တစ်ဆက်တည်း(၁၀)နှစ် တာဝန်ထမ်းဆောင်ရမည်။ ပျက်ကွက်ခြင်း၊နုတ်ထွက်ခြင်း၊ထုတ်ပယ်ခြင်းခံရပါက ကျပ်၂၅၀၀၀၀ိ/-(နှစ်ဆယ့်ငါးသိန်း) ပေးလျော်ရမည်ဖြစ်ကြောင်း ကတိခံဝန်ချက်ရေးထိုးရမည်။
(စ) လုပ်ငန်းတွင်ထူးချွန်ပါက ပြည်ပသင်တန်းများသို့ စေလွှတ်သင်ကြားပေးမည်။

၄။ လျှောက်လွှာများကို အောက်ပါစာရွက်စာတမ်းများပူးတွဲလျက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (ရုံးချုပ်)၊ ညွှန်ကြားရေးမှူး(သတင်း)၊ အမှတ်-၂၁၂၊ သိမ်ဖြူလမ်း၊ရန်ကုန်မြို့သို့ ၂၀-၉-၂၀၀၄ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်-
(က) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်မိတ္တူနှင့် အမှတ်စာရင်းမိတ္တူ
(ခ) သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ လျှောက်လွှာပိတ်ရက်မတိုင်မီ(၆)လအတွင်း ရရှိထားသည့် ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်မူရင်း
(ဂ) မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် အလုပ်သမားမှတ်ပုံတင်ထားသည့် အလလခ ပုံစံ(၂)ဓာတ်ပုံမိတ္တူတစ်စောင်
(ဃ) လိုင်စင်ဓာတ်ပုံနှစ်ပုံ (ဓာတ်ပုံ နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးသားရန်)
(င) ဝင်ကြေးငွေ ကျပ် ၂၀၀/-ပေးသွင်းသည့်ချလန်မူရင်း (သို့မဟုတ်) စာတိုက်ငွေပို့လွှာ (Money Order)ပြေစာမူရင်း

၅။ စာမေးပွဲဝင်ကြေး ငွေကျပ်၂၀၀/-ကို ရန်ကုန်မြို့၊ မြန်မာ့စီးပွားရေးဘဏ်၊ စက်မှုလက်မှုငွေချေးဌာန စာရင်းအမှတ်(SEE 4201-N)သို့လည်းကောင်း၊ သက်ဆိုင်ရာစာတိုက်မှတစ်ဆင့် ဤလုပ်ငန်း(ရုံးချုပ်)သို့ ငွေပို့လွှာ(Money Order)ဖြင့်လည်းကောင်း ပေးသွင်းရမည်။

၆။ အသေးစိတ် အကြောင်းအရာများကို သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)တယ်လီဖုန်း အမှတ် ၂၉၄၆၁၁သို့ စုံစမ်းနိုင်ပါသည်။


1.Marketing Manager
2.Sales and Marketing Staff
3.Cashier
(BE Machenical (or )BE Electrical(or)Hardwares
Summit goal co., Ltd.
No.(15),Panhlaing Golf Estate Road,Conner of U Mye Street,Hlaing Thayar Industrial Zone(1),Yangon Myanmar.
Phone:684226,684227,708829

HELLO School of English
ph : 298506

524981

(24-8-2004) မှ (30-8-2004)ထိ
( Gentleman ဆံပင်ညှပ်နည်း )
ဖုန်း 01-690264, 02-36444

ART FRAMING WORK
(Digital Photo Studio)
ART FRAMING WORK


## "ရက်ရက်စက်စက်"ဗီဒီယိုကာရာအိုကေတေးသီချင်းနှင့်ပတ်သက်၍ အများသိစေရန်

ကျွန်မနော်လီဇာ(တေးသံရှင်) သီဆိုခဲ့သည့် "ရက်ရက်စက်စက်" ဗီစီဒီ ကာရာအိုကေ စီးရီးမှအောက်ပါတေးသီချင်းသုံးပုဒ်ဖြစ်သော-

**(၁) ရွှေရည်စိမ်မင်းသား၊(၂)ကိုတတ်ပ၊ (၃) မေ့နိုင်ဘူးကွယ်မောင့်ကို-**

တေးသီချင်းတို့သည် တေးရေး"လူမုန်း"ရေးသားခဲ့ပါကြောင်းအများသိစေအပ်ပါသည်။

**တေးသံရှင် နော်လီဇာ** TGO-127144
**အမှတ်(၁၉)၊ချမ်းသာလမ်း၊ ၄-လွှာ၊ စမ်းချောင်း၊ရန်ကုန်မြို့။**

## အမည်ပြောင်းခြင်း

အထက(၁)၊ ကျောက်တန်း သတ္တမတန်း-Aမှ အဘဦးမြဝင်း ၏သား မောင်ဂျွန်ကိုကိုအား မောင်သီဟလင်းထွဋ်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်သီဟလင်းထွဋ်။**

## အမည်ပြောင်းခြင်း

ဦးတင်ရွှေ၏သမီး အထက(၂)၊ သဃ်န်းကျွန်း၊ သူငယ်တန်း (A)မှ မထက်ထက်အောင်အား မမေသက်ခိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မေသက်ခိုင်။**


MT&K Tourism Co.,Ltd

NEUROGIN
အာရုံကြောအားဆေး

Aircon, Express Seat
Ph: 378435, 246968, 723686, 241001 to 241007

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## ချိပ်ပိတ်တင်ဒါ (Sealed Tender)များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ(Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

တင်ဒါအမှတ်– ၂၄/မမ/ပြည်တွင်း/အထွေထွေပစ္စည်းများ (CME)

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| 1. | Waste Cotton | (20000)-LB |
| 2. | Painting Materials | (1)-Lot |
| 3. | $Co_2$ Wire | (1)-Lot |
| 4. | GI Pipe & Accessories | (1)-Lot |
| 5. | Bolt & Nut | (1)-Lot |
| 6. | Foam Rubber | (1)-Lot |
| 7. | Basin & Camode | (1)-Lot |
| 8. | Emery Cloth & Saw Blade | (1)-Lot |
| 9. | Battery 12V.200 & 150 Ah | (24)-Nos |
| 10. | Bearing Spring 11 D | (400)-Nos |
| 11. | Perspex Sheet 8'x4'x5t | (100)-Sht |

**ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်**–၁–၉–၂၀၀၄(ဗုဒ္ဓဟူးနေ့)(၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၉–၈–၂၀၀၄)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊မြန်မာ့မီးရထား**
**ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။**
**ဖုန်း–၂၉၁၉၈၂၊ ၂၉၁၉၉၄၊ ၂၀၁၅၅၅–လိုင်းခွဲ–၆၀၂၊၆၁၃။**

## VACANCIES
### (For Local Service Only)

One of the leading Medical, Engineering & Office Automation company in Myanmar is expanding & we are looking for self-motivated & experienced candidates in related fields & team work players.

**Civil Eng/Survey Product Section- for Ygn**
**Item 1A.Sales & Marketing Executives 2(M)**
- B.Sc (Geology) A.G.T.I, Age 25-35
- Minimum 2 Years Sales Experience

**Office Automation Section -for Ygn**
**Item 1B.Supervisor 1(M)**
- Experience in IT fields
- Strong team player
- Any graduate, Age 25-35
- Min 2 years Sales Experience

**Item 1C. Sales & Marketing Executives 2 (M)**
-Any graduate, Computer knowledge,
- Age 25-35
- Min 2 years Sales Experience

Interested candidates should submit CV with recent photo, copy of labour card references & other certificates to the following address within 2 weeks of this advertisement date.

**CONCORDIA**
Medical & Engineering

(1) Yangon Head Office
3rd & 5th Floor, Shwe Gon Plaza, Shwe Gon Dine Junction, Kaba Aye Pagoda Rd, Bahan.
Tel: 544199, 558386
(2) Mandalay Office
No.5, Ground Flr, SY Building, 30th Rd, Between 77th & 78th St, Mandalay.
Tel: 02-36 478, 09 803 1373

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## ချိပ်ပိတ်တင်ဒါ(Sealed Tender) များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender) များကို ပေးသွင်းရန်ဖိတ်ခေါ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| 1. | Auto Telephone | 110-Nos |
| 2. | PVC Insulation Drop Cable | 100-Coil |
| 3. | Battery Charger 12V. 10A | 12-Nos |

**ချိတ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်** – ၈–၉–၂၀၀၄ (ဗုဒ္ဓဟူးနေ့) (၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၉–၈–၂၀၀၄)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊**
**ကုန်သည်လမ်းနှင့် (၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း–၂၉၁၉၈၂၊ ၂၉၁၉၉၄၊ ၂၀၁၅၅၅–လိုင်းခွဲ–၆၀၂၊၆၁၃**

**UMW**
**VACANCY**
(Salary in Kyat / Local service only)

We are one of leading Machinery Equipments and Spare Parts distribution and servicing companies in Myanmar. The company is looking for dynamic, honest and hardworking person to apply for the following positions.

1) Sales Engineer– Male (3) posts
- B.E (Mech) / AGTI
- Experience within the relevant field is preferable.
- age under 35 years.
- Fluent in both written and spoken English.
- Willing to work and be posted in any city within Myanmar.
- Must have driving license.

2) Parts Coordinator (Ygn & Phakant)– Male (2) posts
- B.E (Mech) / AGTI
- Minimum 3 years experience in Heavy Machinery spare parts operations.
- age under 35 years.
- Fluent in both written and spoken English.
- Good knowledge of computer software.
- Willing to work and be posted in any city within Myanmar.
- Must have driving license.

3) Operations Asst. (Mdy & Phakant)– Female (2) posts
- Graduate
- age under 35 years.
- Knowledge in computer software.
- Prefer knowledge in stock keeping and inventory.

4) Accounts Assistant (Phakant) – Female (1) post
- B. Com
- Minimum 3 years experience in similar position.
- age under 40 years.
- Fluent knowledge in computer and accounting soft ware.

4) Mechanic (Ygn & Phakant) – Male (3) posts
- AGTI or equivalents.
- Minimum 3 years experience.
- age under 35 years.
- Able to write and speak English.
- Willing to travel.
- Must have driving license.

Interested candidate are requested to submit their application with CV, copy of qualification certificate, copy of Labour Registration Cards, one recent photo, original of ward and police station testimonials, expected salary to the following address within two weeks.

The Human Resources Department
No. 53/54, 9th Mile, Pyay Road, Mayangone, Yangon.
or mail to info@umw.net.mm

## တိုင်းရင်းဆေးနှင့်အခမဲ့ဆေးကုပေးမည်

* ကုသ၍ရနိုင်သော ရောဂါဝေဒနာများကို တိုင်းရင်းဆေးနှင့် အိမ်ကိုလိုက်၍ အခမဲ့ ဆေးကုပေးပါမည်။

**အမှတ် ၆၀၊ ဇလွန်လမ်း၊ စမ်းချောင်း၊ ရန်ကုန်သို့**
**နေ့စဉ် မနက် ၆ နာရီမှ ၁၀ နာရီအတွင်း**
**ကြိုတင်၍ စာရင်းပေးသွင်းနိုင်ပါသည်။**

## လေအေးပေးစက် အင်ဂျင်နီယာဖြစ်နိုင်သည့်အခွင့်အရေး

**စတင်ဖွင့်လှစ်မည့်ရက်** – ၂၅–၈–၂၀၀၄
**သင်တန်းသားဦးရေ** – ၂၀ဦး
**သင်တန်းအမျိုးအစား** – တက္ကသိုလ်ဝင်တန်းအဆင့်ရှိသူများမှ စ၍ တက်ရောက်နိုင်ပြီးမော်ဂျူး(၁)နှင့် မော်ဂျူး (၂) သင်တန်းကာလ (၄)လ ပြီးဆုံးပါက City & Guilds (UK) မှ IVQ Level-3 အဆင့် Diploma ရရှိမည်ဖြစ်ပါသည်။
**ဆက်သွယ်ရန်** – Novel Win Engineering Centre၊ အမှတ်(၇)၊မြေညီ၊ဝတ်ကျောင်းလမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်။

## သတိပေးကြေညာချက်

ရန်ကုန်မြို့၊ရိုးမဘဏ်လီမိတက်၊ ချေးငွေဌာန၊ လ/ထ အထွေထွေမန်နေဂျာ ဒေါ်ခင်ဆွေဦး၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်းသတိပေးကြေညာအပ်ပါသည်။

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ရိုးမဘဏ်လီမိတက်၊ ရိုးမကတ်ဌာနတွင် ရိုးမကတ် (YOMA CREDIT CARD)ကို လျှောက်ထားရယူခဲ့ပြီး အဆိုပါရိုးမကတ်ဖြင့် သုံးစွဲခဲ့သည့် ကြွေးမြီများအားလုံးကို ပြန်လည်ပေးဆပ်ရန် တာဝန်ရှိသော်လည်း ပေးဆပ်ရန် ပျက်ကွက်လျက်ရှိနေပါသည်။

သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ရိုးမကတ်ဖြင့် မိမိတို့ သုံးစွဲခဲ့သည့် ကြွေးမြီများအားလုံးကို (၂၃–၈–၂၀၀၄)ရက်နေ့ နောက်ဆုံးထား၍ ဘဏ်သို့ လာရောက်ပေးဆပ်ပါရန် လူကြီးမင်းတို့အား သိစေအပ်ပါသည်။

အကယ်၍ သတ်မှတ်သည့် (၂၃–၈–၂၀၀၄)ရက် ကျော်လွန်ခဲ့ပါက လူကြီးမင်းတို့၏ မည်သည့်အကြောင်းပြချက်ကိုမျှ ဘဏ်က လက်ခံစဉ်းစားလိမ့်မည် မဟုတ်ပါကြောင်းနှင့် လူကြီးမင်းတို့အပေါ် တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူ ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

| စဉ် | အမည် | မှတ်ပုံတင် | နေရပ် | လုပ်ငန်း |
|---|---|---|---|---|
| ၁။ | ဦးမြင့်အောင်(ခ)မင်းအောင် | (KMW–၀၉၈၇၂၆ | အမှတ်(၄၂/၄၃)၊ခေမာသီလမ်း စက်မှုဇုန်ရပ်ကွက်၊မြောက်ဥက္ကလာပ။ | Eagle Trading |
| ၂။ | ဦးကိုကိုသင်း | ၇/နတလ(နိုင်) ၀၀၁၇၅၆ | တိုက်(A-1)၊အခန်း(၁၀၂)၊မင်းရဲကျော်စွာအိမ်ရာ၊လေးထောင့်ကန်လမ်း၊ သဃ်န်းကျွန်း။ | Aye Mya Thida Co.,Ltd. |
| ၃။ | ဒေါ်သက်ထားဆွေ | ၈/မကန(နိုင်) ၀၀၁၃၉၇ | တိုက်(၂)၊အခန်း(၁)၊လင့်လမ်း၊ဗဟန်း | San See Sein Jewellery, Bogyoke Market |
| ၄။ | ဒေါ်ခင်ကလျာထွန်း | MTNT-022266 | အမှတ်(၁၉)၊ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်း | Director-Admin Diamond Bud Co., Ltd. |
| ၅။ | ဦးမင်းကျော်ဦး | ၁၂/အစန(နိုင်) ၀၄၆၁၂၉ | အမှတ်(၁၁၃)၊တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်။ | Owner, Day & Night Restaurant |
| ၆။ | ဒေါက်တာနှင်းနှင်းအေးလှ | ၁၂/ရကန(နိုင်) ၀၅၀၆၀၉ | အမှတ်(၁၁၃)၊တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်။ | Owner, Day & Night Resturant |
| ၇။ | ဒေါ်ခင်စန်းမြင့် | ၁၂/ကမရ(နိုင်) ၀၃၀၆၂၀ | အမှတ်(H-131)၊ရွှေသရဖီ(၄)လမ်း FMI City၊ လှိုင်သာယာ။ | Gold Merchant |
| ၈။ | ဒေါ်ရတနာ | ၇/ပမန(နိုင်)–၁၀၉၂၄၆ | အမှတ်(၂၉)၊မြင့်မိုရ်လမ်း၊ စမ်းချောင်း၊ | |
| ၉။ | ဒေါ်စုစုဌေး | ၁၂/ရကန(နိုင်) ၀၀၃၂၂၉ | အမှတ်(8/A/9)၊သမိန်ဗရမ်းလမ်း၊ တာမွေ။ | Director,Lucky Journey Travel& Tour |
| ၁၀။ | ဦးခွန်ကျော် | ၁၃/လရန(နိုင်) ၁၂၄၇၉၃ | အမှတ်(B-6)၊ဒုတိယထပ်၊ သပြေညိုလမ်း၊စမ်းချောင်း။ | Owner, Chun Den Cosmetic Shop (Yuzana Plaza) |
| ၁၁။ | ဦးကျော်စွာစိုးဝင်း | ၁၂/ရကန(နိုင် ၀၅၇၃၂၂ | အမှတ်(၁၆၂/၁၆၄)၊မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်။ | MD.Kyaw Zwa Travels & Tours |
| ၁၂။ | ဦးဝင်းမောင် | ၁၂/သကတ(နိုင်) ၀၀၈၉၄၆ | အမှတ်(၂၃)၊မြင်တော်သာလမ်း၊ (၄)ရပ်ကွက်၊သာကေတ။ | Owner,Academy Thingan |
| ၁၃။ | ဦးဝေဖြိုးဇော် | ၁၂/ဗဟန(နိုင်) ၀၇၈၇၅၅ | အမှတ်(၂၇၄)၊အခန်း(၅၀၂)၊ (၉/၁၀)လွှာ၊ပြည်လမ်း၊စမ်းချောင်း | Share,Myint Mo Optical |
| ၁၄။ | ဦးညိုထွန်းအောင် | LMDW-009803 | အမှတ်(၂၉)၊၇လမ်း၊လမ်းမတော် | Merchant |
| ၁၅။ | ဦးလှိုင်တေဇာတင် | PBDN-001633 | အမှတ်(၅၅)၊ယောမင်းကြီးလမ်း၊ဒဂုံ | MD,Lucky Journey Travel&Tour Co.,Ltd. |
| ၁၆။ | ဦးခင်မောင်သန်း | AC-065082 | အမှတ်(၅/၂)၊သံသုမာလမ်း၊သုဝဏ္ဏ | MD.Thamar Sanda Co.,Ltd. |
| ၁၇။ | ဦးခင်မောင်ဝင်း | ၁၂/ဗဟန(နိုင်) ၀၁၇၅၃၆ | အမှတ်(၁၁၅)၊ပထမထပ်၊ အနော်ရထာလမ်း၊ကျောက်တံတား။ | MD,Myet Wunn Yeik Entertainment Studio |
| ၁၈။ | ဦးနေလင်း | KMDE-013126 | အမှတ်(၃)၊ဇာဒံပင်လမ်း၊လှည်းတန်း ကြည့်မြင်တိုင် | Sr:Sales Manager Fair Deal Co.,Ltd. (ယခင်) |
| ၁၉။ | ဦးမျိုးမင်း | ၁၂/မရက(နိုင်) ၁၁၈၇၇၀ | တိုက်(၁)၊အခန်း(၃)၊ရွှေထီးအိမ်ရာ၊ သမိုင်း(၁)ရပ်ကွက်၊မရမ်းကုန်း | Owner, Saydanar Rice Trading |
| ၂၀။ | ဦးဝင်းကိုကိုဝင်း | ၁၂/သလန(နိုင်) ၀၁၁၇၅၅ | အမှတ်(၁၇)၊ သိမ်ကျောင်းလမ်း သန်လျင် | |
| ၂၁။ | ဦးအောင်ဇော်ဦး | ၁၂/ဒဂန(နိုင်) ၀၀၁၀၇၆ | အမှတ်(၁၁၂၃)၊ဟံသာဝတီလမ်း၊ (၁၄)ရပ်ကွက်၊ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပ။ | Share Holder, Grace General Company |
| ၂၂။ | ဦးငြိမ်းအောင် | ၁၁/စတန(နိုင်) ၀၄၃၀၀၀ | အမှတ်(၁၉၅)၊(A-1)၊(၃၃)လမ်း ကျောက်တံတား။ | Boss Power Guest House |
| ၂၃။ | ဦးကျော်မင်းစိုး | ၁၃/တကန(နိုင်) ၁၄၀၅၆၉ | အမှတ်(၉)၊ဦးရေခဲလမ်း၊(၂)ရပ်ကွက် မရမ်းကုန်း။ | Lyan Yu Restaurant |
| ၂၄။ | ဦးဇော်ဌေး | ၁၃/တကန(နိုင်) ၁၄၇၉၀၃ | အမှတ်(၉)၊ဦးရေခဲလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်း။ | Merchant |
| ၂၅။ | ဒေါ်မေသွဲ့ဇံ | ၁၂/အလန(နိုင်) ၀၀၉၈၈၀ | အမှတ်(၂၄)၊မြို့ပတ်လမ်း၊ ကျောက်မြောင်း၊တာမွေ | Lat Saung Mon Pharmacy |
| ၂၆။ | ဦးသိန်းလွင် | ၁၂/သကတ(နိုင်) ၀၄၀၆၄၆ | တိုက်(၃)၊အခန်း(၁၀၈)၊ပထမထပ်၊ မင်္ဂလာဆင်မင်းအိမ်ရာ၊အလုံ | Owner,Shwe Bawin Gems& Jewellery Co.,Ltd. |

**ညွှန်ကြားချက်အရ–**
**ဒေါ်အေးအေးအောင် (တရားရုံးချုပ်ရှေ့နေ)**
**အမှတ်(၁၂၁)၊ ဒုတိယထပ်၊ ဘုန်းကြီးလမ်း၊**
**လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## သားအဖြစ်မှ အမွေဖြတ်စွန့်လွှတ်ခြင်း

ဦးဌေးမောင်၏ သားဖြစ်သူ မောင်ဝင်းကိုကိုသည် မိဘတို့၏ ဆိုဆုံးမမှုကို လိုက်နာခြင်းမရှိဘဲ ၎င်း၏သဘောဆန္ဒအလျောက်နေအိမ်မှ ထွက်ခွာသွားပါ၍ ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား (လုံးဝ) တာဝန်မယူပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**အုပ်ထိန်းသူ**
**ဖခင်–ဦးဌေးမောင်[S/OKA.091047]**
**အမှတ်(၃၂၃)၊သရက်ခြံ(၁)လမ်း၊ ပိန္နဲကုန်းရပ်ကွက်အင်းစိန်။**

## ဒေါ်ညိုခိုင်(ကျောက်တော်)
## အသက်(၆၆)နှစ်

နာမကျန်းစဉ်နှင့် ဈာပနတွင် အဘက်ဘက်မှ စေတနာဖြင့် ကူညီခဲ့ကြသော TZ TRADING ENTERPRISES LTD.မှဝန်ထမ်းများနှင့်တကွ ဆွေမျိုးမိတ်သင်္ဂဟ အားလုံးကို ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု။**




## HOTEL HALPIN

ဝန်ထမ်းအလိုရှိသည်
ပြည်တွင်း၌ ကျွမ်းကျင်သူ ခန့်ထားရန်

| | |
|---|---|
| 1. Accountant | ( 2 ) Posts |
| 2. Receptionist | ( 2 ) Posts |
| 3.Housekeeping | ( 3 ) Posts |
| 4.Bell Boy/ Waiter | ( 7 ) Posts |
| 5.Steward | ( 2 ) Posts |
| 6.Security | ( 2 ) Posts |
| 7.Maintenance & Engineer | ( 2 )Posts |

AGTI (Electrical ), AGTI (Mechanical ) အောင်လက်မှတ်နှင့် အလားတူ အောင်လက်မှတ်များရရှိသူကို ဦးစားပေးမည်။

| | |
|---|---|
| 8.စက်ပိုင်း (ကုန်ထုတ်) | ( 1 )Post |
| 9. လက်ထောက် အုပ်ချုပ်ရေးမှူး | ( 2 )Posts |
| 10. Supervisor | ( 3 )Posts |

လျှောက်ထားလိုသူ အားလုံးသည် ကိုယ်ရေးရာဇဝင်၊ အလုပ်အကိုင် ... သက်ဆိုင်ရာ ထောက်ခံချက်နှင့် တကွ (Hotel Halpin, HRD Department No.89, ... ရန်ကုန်မြို့ ) သို့ ... ရက်နေ့ ... (၇)ရက်အတွင်း ... ဆောက်ခံချက်ပါရမည်။

## ALPHA GROUP မှ ဖိတ်ခေါ်သော ၂၀၀၄-ကျောင်းသားများ

| | | | |
|---|---|---|---|
| မြန်မာပြည်နယ်ကျောင်း | - | ဆက်တင်ဘာ | (၁၀) မှ (၁၄) |
| ... | - | ဆက်တင်ဘာ | (၁၀) မှ (၂၂) |
| ... | - | အောက်တိုဘာ | (၁) မှ (၅) |
| ... | - | အောက်တိုဘာ | (၈) မှ (၁၂) |
| ... | - | အောက်တိုဘာ | (၁၅) မှ (၁၉) |
| ... | - | နိုဝင်ဘာ | (၆) မှ (၁၀) |
| ... | - | နိုဝင်ဘာ | (၁၃) မှ (၁၇) |

Phone - ၅၀၀၂၁၅ ၊ ၀၉၅၀၁၀၅၃၃

## TV-VIDEO

THANTRONIC ELECTRONIC SERVICE TRAINING

- TV-VIDEO, VCD SATELLITE ...
- ... TV-VIDEO ...
- ... TV-VIDEO ...

## အရွယ်မရောက်သေးသောသူငယ်ကို အုပ်ထိန်းသူလူကြီးအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်းအကြောင်းကြားစာ

**(အုပ်ထိန်းသူလူကြီးတို့နှင့် အုပ်ထိန်းခံရသူလူငယ်တို့ အက်ဥပဒေပုဒ်မ—၁၁)**
**ရန်ကုန်တိုင်းတရားရုံး၊ တွဲဖက်တိုင်းတရားသူကြီး(၆) တရားမရုံးတော်၌**
**၂၀၀၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ်—၁၆၀**

ဒေါ်ခိုင်၁/မကတ(နိုင်) ၀၃၀၅၂၉

လျှောက်ထားသူ

တိုက်ခန်းအမှတ်–ဒီ/၂၀၃၊ တိုက်–၄၊ မင်္ဂလာဆင်မင်းအိမ်ရာ၊ ကမ်းနားလမ်း၊ ဆင်မင်း ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့နေ အရွယ်မရောက်သေးသူ သူငယ် မောင်အောင်ကျော်နှင့် မောင်အငယ်လေးပိုင် ပစ္စည်းအကြောင်း။

တိုက်ခန်းအမှတ်–ဒီ/၂၀၃၊ တိုက်–၄၊ မင်္ဂလာဆင်မင်းအိမ်ရာ၊ ကမ်းနားလမ်း၊ ဆင်မင်း ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ခိုင်က အပေါ်က အမည်ပါရှိသော အရွယ်မရောက်သေးသောသူငယ် မောင်အောင်ကျော်နှင့် မောင်အငယ်လေးတို့၏ အဒေါ်တော်စပ်သူဖြစ်သည်ဟူ၍ ၎င်းသူငယ်တို့၏ ကိုယ်နှင့် ပစ္စည်းအပေါ်ကိုအုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်းနှင့် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားခြင်းကို လူအများကြားသိစေခြင်းငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကိုလည်း ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့(၁၃၆၆ ခုနှစ်၊ ဝါခေါင်လပြည့်) နေ့တွင် ပြိုင်ဆိုင်ရန်ချိန်းဆိုလိုက်သည်။

၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ထိန်ဝင်း**
**တွဲဖက်တိုင်းတရားသူကြီး(၆)**
**ရန်ကုန်တိုင်းတရားရုံး။**

## ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာ ကျွမ်းကျင် ခန့်ထားရန်)

Cosmetic, Perfume, Hair Care နှင့် Skin Care များ ဖြန့်ဖြူးလျက်ရှိသော ကုမ္ပဏီ၏ Distribution Company ၌အရည်အချင်းပြည့်ဝသော အောက်ပါဝန်ထမ်းများအလိုရှိသည်။

1. Sales Supervisor Male/ Female - 2 posts
   - Sales Supervisor Experience (3) နှစ်ရှိရမည်။
   - ... နယ်ဆိုင်းထွက်နိုင်သူဖြစ်ရမည်။
2. Team Leader Male/ Female - 2 posts
   - ... /Sales Experience (3)နှစ်ရှိပြီး ...
   - နယ်ဆိုင်းထွက်နိုင်သူဖြစ်ရမည်။
3. Sales Male/ Female - 5 posts
   - ... /Sales Experience (2)နှစ်ရှိရမည်။
   - နယ်ဆိုင်းထွက်နိုင်သူဖြစ်ရမည်။
4. Driver ( Sales) Male/ Female - 2 posts
   - ... / လိုင်စင်အတွေ့အကြုံ(2)နှစ်ရှိရမည်။
   - နယ်ဆိုင်းထွက်နိုင်သူဖြစ်ရမည်။
5. Asst. Accountant Female - 1 posts
   - ... (သို့)LCCI (BII)အောင်မြင်ပြီး ... လုပ်ငန်းအတွေ့အကြုံ (၁)နှစ်ရှိသူဖြစ်ရမည်။
6. Sales Asst. Female - 1 posts
   - ... / MS office သုံးနိုင်သူ / လုပ်ငန်းအတွေ့အကြုံ (၁)နှစ်ရှိသူဖြစ်ရမည်။
7. Office Staff Male/ Female - 2 posts
   - ... ဖြစ်ရမည်။
   - ... အတွေ့အကြုံရှိသူဖြစ်ရမည်။

... (2)ပုံ ... CV form ...

MAUNG TAW TRADING CO.,LTD

## ခြံရောင်းမည်

(၂)ဧက၊ ရွှေပေါက်ကံ၊ ရေမီးအစုံအလင်၊
**ဖုန်း– ၆၆၁၂၂၉၊ ၇၀၄၈၇၉။**

## မြန်တောင်း ...

## ကားဝယ်လိုသည်

တောင်းအေ့စ် သို့မဟုတ် အလားတူကားတစ်စီး၊ ဆလွန်းကားတစ်စီး၊ မော်ဒယ်လ်(၁၉၈၆–၉၅) လိုင်စင်ဝင်ပြီး အမည်ပေါက်။ ဆယ်သွယ်ရန် ဖုန်း–၅၃၅၃၈၆ (အချိန်–၉:၀၀–၂:၀၀ နာရီ)။

## အမည်ပြောင်းခြင်း

ဦးဝင်းမင်းနိုင်၏သား အထက(၁) ဒဂုံ၊အဋ္ဌမတန်း(A)မှ မောင်အောင်ချမ်းမင်းအား မောင်ဝေယံမင်းနိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဝေယံမင်းနိုင်။**

## လိပ်ခေါင်း၊ဂရင်ဂျိနာ၊ စအိုနာ၊ အကျိတ်ဖြစ်သူများ

(ဤကြော်ငြာကို ဖတ်ဖြစ်အောင်ဖတ်ပါ) ဖုန်း –၂၄၈၀၆၄

## အမည်ပြောင်းခြင်း

ဦးမြင့်စိန်[၁၂/သကတ(ပြု)၀၀၀၁၂၉]အား VENU DASဟု ပြောင်းလဲခေါ်ပါရန်နှင့် အထက(၅)ဗိုလ်တထောင် (IX -A)မှ မချာသိုဇင်၊(VII-D) မှ မအိရွှေစင်၊ (V-C)မှ မသီဂီရွှေစင်၊ (III-C) မှ မယမင်းရွှေစင်တို့၏ ဖခင်အမည်မှန်မှာ VENU DAS ဖြစ်ပါကြောင်း။

**VENU DAS**

NPE NPE

## ဝန်ထမ်းအလိုရှိသည်

EFR Group of Companies Ever Flow River Trading Co. Ltd Crumb Rubber

1. Factory Manager (2) Posts
2. Production Manager (2) Posts
3. Asst. Production Manager (2) Posts
4. Production Supervisor (2) Posts
5. Foreman (1) Post
6. QC Technician (Water) (1) Post
7. QC Technician (Rubber) (1) Post
8. Asst. QC Technician(Water) (2) Posts
9. Mechnical Engineer (2) Posts
10. Electrical Engineer (2) Posts
11. Asst. Mechnical Engineer (2) Posts
12. Asst. Electrical Engineer (2) Posts
13. Procurement Supervisor (2) Posts
14. Assistant Procurement (2) Posts
15. Traffic & Transport Supervisor (2) Posts
16. Assistant - Raw Material / Finished Goods Movement (4) Posts
17. Warehousing Supervisor (2) Posts
18. Warehouse Assistant (2) Posts
19. Admin. & Account Manager (3) Posts
20. IT Staff (2) Posts
21. Cashier (3) Posts
22. Office Staff (4) Posts
23. Asst. Manager (R&D) (1) Post
24. Helper (R&D) (1) Post
25. Marketing Executive (2) Posts

(CV)

Ever Flow River Trading Co., Ltd.
United Condo Tower 1,

## မြန်မာဂေါက်သီးရိုက်အသင်း
## ၉–မိုင်၊ ပြည်လမ်း၊ ရန်ကုန်
### "အသင်းသူ/အသင်းသားများသိသာစေရန် ကြေညာချက်"

မြန်မာဂေါက်သီးရိုက်အသင်းမှ အသင်းသူ/အသင်းသားများအနေဖြင့် လစဉ်ကြေးများပေးသွင်းရန် ပျက်ကွက်နေကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ သို့ပါ၍ လစဉ်ကြေးပေးသွင်းရန် ကျန်ရှိနေသော ၂၀၀၂/ ၂၀၀၃ခုနှစ် အတွက် (၁)နှစ်ကျော်ကျန်ရှိနေသူများစာရင်းအား အသင်းတိုက်၏ ကြော်ငြာသင်ပုန်းတွင် ကြေညာထားပြီး ၎င်းတို့အနေဖြင့် (၁၅–၉–၂၀၀၄)ရက်နေ့ နောက်ဆုံးထားပြီး လစဉ်ကြေးပေးသွင်းကြပါရန်နှင့် ပေးသွင်းခြင်း မရှိပါက DEFAULTER အဖြစ်သတ်မှတ်သွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

**မြန်မာဂေါက်သီးရိုက်အသင်း။**

## အမည်ပြောင်းခြင်း

ဦးဘိုးသင်း၏သမီး ဝါးခယ်မမြို့ အလက(၁) သတ္တမတန်း(ဘီ)မှ မယုနန္ဒာသင်း(ခ) မဝင်းဝင်းမြင့်အား ယနေ့မှစ၍ မယဉ်သူလှိုင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မယဉ်သူလှိုင်။**

## အမည်ပြောင်းခြင်း

ဦးဒါနဘာလန်၏သား ရန်ကုန်အရှေ့ပိုင်းအဝေးသင်တက္ကသိုလ် (ပနှစ်–စီးပွားရေး)မှ မောင်နေလင်းအောင်အား မောင်ပြည့်ဖြိုးအောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ပြည့်ဖြိုးအောင်။**

**အယူခံမှု / ပြင်ဆင်မှု** **ကိုကြားနာစစ်ဆေးရန်ချိန်းဆိုသည့် နေ့ရက်ကို**
**အယူခံတရားပြိုင်များထံ / လျှောက်ထားခံရသူများသို့**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်–၄၁၊ နည်းဥပဒေ ၁၄နှင့် ပုဒ်မ–၁၁၅)**
**တရားရုံးချုပ်၊ ရန်ကုန်မြို့**
**၂၀၀၄ခုနှစ်၊ တရားမ ပထမအယူခံ / ပြင်ဆင်မှု အမှတ် ၂၅၃ / ၁၆၇**

**အယူခံတရားလို / လျှောက်ထားသူ** ဒေါ်မြင့် (၎င်း၏ကိုယ်စားလှယ် ဒေါ်ခင်မာကြည်) / ဒေါ်မြင့် ---------------------------

နှင့်

**အယူခံတရားပြိုင်များ / လျှောက်ထားခံရသူများ** ဒေါ်မြင့်မြင့်စိုး ပါ–၇

၂၀၀၃ခုနှစ် ဒီဇင်ဘာလ (၁၃)/(၁၁)ရက်နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ တရားမကြီးမှုအမှတ် ၁၂၆/၂၀၀၃ ၏ ဒီကရီ/အမိန့် မှ အယူခံမှု/ပြင်ဆင်မှု လျှောက်လွှာနှင့် တရားမဇာရီမှုအမှတ် ၄၁/၂၀၀၁ ပတ်သက်၍ ၃၊ မဇရာလွင်၊ ၂၁၊ ရတနာမွန်(၂)လမ်း၊ (၄)ရပ်ကွက်လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ၅၊ မအေးမြဒါလီဖိ၊မောင်ဇော်လင်းထက်(အတူနေ)အမှတ်၄၃၊ ၄–လွှာ၊ သီတာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။(ယခင်လိပ်စာ၊ ယခုလိပ်စာမသိ) နေ အယူခံတရားပြိုင်များ/လျှောက်ထားခံရသူများ သိစေရမည်။

ဤအမှုတွင် တိုင်းတရားရုံး၏ ဒီကရီ/အမိန့် မှ အယူခံမှု/ပြင်ဆင်မှု လျှောက်လွှာ တစ်စောင်စီကို တရားရုံးချုပ်ရှေ့နေ ဦးစိုးတင့်ရည်နှင့်ဦးဌေးလှိုင်တို့က တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်း နှင့် ထိုအယူခံ/ပြင်ဆင်မှု လျှောက်လွှာကို

၂၀၀၄ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့နံနက် ၁၀ နာရီအချိန်တွင် ဤရုံးက ချိန်းဆိုပြီးကြောင်းအကြောင်းကြားပါသည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စား သင်၏တရားရုံးချုပ် ရှေ့နေကဖြစ်စေ၊ သို့မဟုတ် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူတစ်စုံတစ်ယောက်ကဖြစ်စေ၊ ဤရုံးသို့မလာရောက်ခဲ့သော် သင်၏မျက်ကွယ်ရာတွင် ဤအမှုကို ဆုံးဖြတ်လိမ့်မည်။

၂၀၀၄ခုနှစ်၊ ဩဂုတ်လ (၁၁)ရက်နေ့တွင် တံဆိပ်ရိုက်နှိပ်သည်။

**အမိန့်အရ–** **ဒေါ်စုငယ်**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမဌာန၊ ဌာနခွဲ (၃)၊ ဌာနစု(၄)**
**တရားရုံးချုပ်၊ ရန်ကုန်မြို့။**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဓဥပဒေ အမိန့် ၅၊ နည်းဥပဒေ/၂၀**
**ပဲခူးခရိုင်နယ်တရားမရုံး၌**
**၂၀၀၄ ခုနှစ်၊ တရားမကြီးအမှုအမှတ် ၄၃**

မအိအိမော် — ၁။ မြတ်မင်းစိုး
**နှင့်** — ၂။ မဗိုရင်းထွန်း
**တရားလို** — **တရားခံ**

ပဲခူးမြို့ အမှတ်(၁၆၁၉) ၊ဆံတော်တွင်းရပ်နေမြတ်မင်းစိုး၊မဗိုရင်းထွန်း (ယခုလိပ်စာမသိ)သူတို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ် ၂၆၀၀၀၀၀ိ/– ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၄ခုနှစ် စက်တင်ဘာလ ၂ရက် (၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော်၃ရက်နေ့) မွန်းမတည့်မီ ၁၀နာရီအချိန်အတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းနှင့် သင်က ထုချေတင်ပြလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီ ပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ် ဩဂုတ်လ ၆ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ခင်မြင့်မြင့်**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပဲခူးခရိုင်တရားရုံးတရားသူကြီး**
**ပဲခူးမြို့။**

## ၄၀နှစ်ပြည့် မင်္ဂလာဆုတောင်း

ဦးကျော်မြင့် ဒုညွှန်ကြားရေးမှူး(ဘဏ္ဍာရေး)(ငြိမ်း)၊ အကြံပေးအရာရှိ (ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)– ဒေါ်ညွှန့်ညွှန့်နွယ်တို့၏ ၄၀ နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း (၁၂၀)တိုင် ကျန်းမာပျော်ရွှင်ချမ်းမြေ့စေကြောင်း ဆုမွန်ကောင်းတောင်းလျက်–

**သမီးကြီး** – Dr.ဝါဝါဝင်းမြင့်(အာရှတော်ဝင်)–
ဗိုလ်ကြီးနိုင်အောင်(ဆေးမှူး)
**သမီးလတ်** – ဗိုလ်ကြီးဖြူဖြူဖွေးမြင့်(တပ်မတော်ဆေးရုံကြီး)–
ယာယီတပ်ခွဲမှူး (ဗိုလ်မှူး)ဗိုလ်ကြီးထွန်းအောင်ခိုင်
**သမီးငယ်** – ဒေါ်သီသီသန်းမြင့်(နည်းပြ၊ ရန်ကင်းပညာရေးကောလိပ်)–
ဦးကြည်အောင်(လျှပ်စစ်အင်ဂျင်နီယာ)
(ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)
**မြေးများ** – မစုရတနာအောင်၊ မပြည့်ဖြိုးသိင်္ဂီအောင်၊
မောင်ပြည့်ဖြိုးသီဟအောင်၊
မောင်ကောင်းထက်တင်၊ မမျိုးသီရိတင်၊
မောင်သက်ပိုင်ထွန်း။

## MCC ၏ လက်တွေ့အကျိုးရှိ ထိထိမိမိ သင်တန်းများ

◆ **Junior Management & Office Staff** Fax, Email

**Budget Training Program**

◆ **Basic Accounting Course** (BasicAccounting)

## ကြယ်နီ–ဝန်းဆေး

## ကားရောင်းမည်

ဧက/အက္ခရာတန်း
တိုယိုတာတိုယိုအေ့(ပစ်ကပ်)
၈၈ မော်ဒယ်၊ ညှိနှိုင်းဈေး
**ဆက်သွယ်ရန်– (ရုံးချိန်အတွင်း)**
**ဖုန်း–၂၉၅၇၅၆၊ ၀၉၈၀၃၁၄၃၁။**

## ကျေးဇူးဆပ်ပါမည်

ကျွန်မ၏ ၈ျ/၅၇၄၁ မာဇဒါ (အစိမ်းရောင်)ကား၏ ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်သွား ပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

**ညွန့်ညွန့်မင်း၊ ဖုန်း–၂၉၂၃၃၉**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်အမှတ်–၅၊ နည်းဥပဒေ–၂၀)**
**ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်တရားရုံးတော်၌**
**၂၀၀၄ ခုနှစ်၊ တရားမကြီးမှုအမှတ်–၈**

| | | |
|---|---|---|
| ၁။ဒေါ်နုနုခင် အမှတ်–၉၊ (ခေါင်းရင်းခြမ်း) ရတနာပုံလမ်း၊ဈေးကြီးအနောက်ရပ်ကွက် ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ | နှင့် | ၁။ ဦးကြိုင် ၂။ ဒေါ်လှရှိန် ၃။ ဒေါ်အုန်းမြင့် (အတူနေ) အမှတ်–၁၂၊ အင်းစိန်လမ်း၊ ဈေးကြီးအနောက်ရပ်ကွက် ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့။ |
| ၂။ဦးခင်မြင့် အမှတ်–၉၊ (ခြေရင်းခြမ်း) ရတနာပုံလမ်း၊ ဈေးကြီးအနောက်ရပ်ကွက် ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ | | ၄။ ဒေါ်ခင်ခင်ညို အမှတ်–၉၊ ရတနာပုံလမ်း၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ |
| **တရားလိုများ** | | **တရားပြိုင်များ** |

အထက်ပါအမှုမှ တရားပြိုင်များ ဦးကြိုင်ပါ (၄) (ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

